မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ သောကြာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၅၁)

ယနေ့ ဖတ် စ ရာ

ReCAAP ISC ၏ Cluster Meeting-2026

အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

ပြည်တွင်းသတင်း စာ ၉

သက်ရှည်ကျန်းမာကြံ့ခိုင်ဖို့ အရွယ်တိုင်းမှာ အဟာရမျှတစွာ စားသုံးစို့

ဆောင်းပါး စာ ၁၀

ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနေရသည့် နိုင်ငံများကို နိုင်ငံတကာက ထောက်ပံ့မှုတိုးမြှင့်ရန် ကုလသမဂ္ဂတိုက်တွန်း

နိုင်ငံတကာသတင်း စာ ၁၄

တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး မြို့ကြီးများတွင် ဆီတင်ယာဉ်များအား အရန်သင့်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် ရန်ကုန်-ပဲခူး-နေပြည်တော်-မန္တလေး အမြန်လမ်း၊ ရန်ကုန်-ပုသိမ်-ချောင်းသာ-ငွေဆောင်လမ်း၊ သာစည်-ကလော - အင်းလေး - တောင်ကြီးလမ်း၊ မန္တလေး-မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုပ္ပါး-ပုဂံလမ်း၊ မန္တလေး-ပြင်ဦးလွင်လမ်းနှင့်

စာမျက်နှာ ၆ ကော်လံ ၁ ❍





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❂

အက်ဗန်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"သည် မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၄၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၀၀ ခန့်နှင့် ပူရီမြို့၏ တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

လွိုင်ကော်မြို့အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်

လွိုင်ကော် နိုဝင်ဘာ ၁၉

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်နှင့် မြို့ဝင်မြို့ထွက်လမ်းများနှင့် မြို့တွင်းလမ်းများ ပိုမိုကောင်းမွန်လာပြီး အများပြည်သူ သွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လောဓမ္မရပ်ကွက်၊ ဒေါတမရပ်ကွက်နှင့် နမ့်ဘော်ဝမ်(က) နှင့်(ခ) ရပ်ကွက်တို့ကို ဖြတ်သန်းဖောက်လုပ်ထားသော မြကန်သာလမ်း အရှည်ပေ ၃၂၀၀၊ အကျယ် ၂၄ ပေအား ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် လမ်းပခုံးကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

ရှမ်းပြည်နယ်အတွင်း ဆီဖူလုံမှုတိုးတက်လာစေရေးအတွက် စိုက်ဧက ၄၅၃၅၄၉ ဧကတွင် ၁၆၁၃၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်အတွင်း စားသုံးဆီဖူလုံမှု တိုးတက်စေရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဆီထွက်သီးနှံ ၄၅၃၅၄၉ ဧက စိုက်ပျိုးထားရာ ၁၆၁၃၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❊



၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၄-၁၂-၂၀၂၆)

၁၉ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၁၅	၃၉၃၀	၃၉၂၁	၃၈၃၀	၃၉၁၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၀၀	၃၉၃၀	၃၉၈၀	၄၂၈၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၈၅	၃၉၆၀	၃၉၆၅	၄၃၃၅	၄၄၆၅	၃၉၈၅	၄၁၀၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၈၅	၄၃၀၀	၄၂၇၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၇၅	-	၄၆၁၅	၄၂၇၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၀၉၅	၅၀၃၅	၅၀၈၅	၅၂၀၀	၅၂၁၅	၅၂၂၀	၅၀၂၅	၅၀၉၅	၅၀၂၅	၅၀၃၅	၅၃၄၀	၅၂၄၀	၅၂၀၅	၅၀၉၅	၅၃၃၅
HSD (10 ppm)	၅၀၄၀	၅၀၉၅	၅၀၃၅	၅၀၈၅	၅၂၀၀	၅၂၁၅	၅၂၂၀	၅၀၂၅		၅၀၂၅	၅၀၃၅	၅၃၄၀	၅၂၄၀	၅၂၀၅	၅၀၉၅	၅၃၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အားလုံးက အမှန်တကယ် အလုပ်လုပ် အလုပ်လုပ်နိုင်ရေး ဖန်တီးဆောင်ရွက်ပေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်သည်။ သို့ရာတွင် ကုန်ကြမ်းသက်သက်ကိုသာ ရောင်းချသည့် မိရိုးဖလာပုံစံကို ပြောင်းလဲ၍ ခေတ်မီနည်းပညာနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုများကို ပေါင်းစပ်နိုင်မှသာ ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး စီးပွားရေး မြင့်မားတိုးတက်လာခဲ့သည့် နိုင်ငံများတွင် နယူးဇီလန်၊ ဒိန်းမတ်၊ နယ်သာလန်၊ ထိုင်းစသည့် နိုင်ငံများကို ထင်ရှားစွာတွေ့မြင်နိုင်သည်။ နယူးဇီလန်နိုင်ငံသည် သိုး၊ နွား မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများမှ အရည်အသွေးမြင့် နို့မှုန့်၊ ထောပတ်၊ ဒိန်ခဲခဲနှင့် အသားထွက်ပစ္စည်းများကို တန်ဖိုးမြှင့် ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခြင်း၊ ဒိန်းမတ်နိုင်ငံသည် တောင်သူများ စုပေါင်းလုပ်ကိုင်သည့် သမဝါယမစနစ်နှင့် ခေတ်မီ မွေးမြူရေးလုပ်ငန်းများမှ ဝက်သားနှင့် နို့ထွက်ပစ္စည်းများကို ကမ္ဘာတွင် ထိပ်တန်းအဆင့် ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့ခြင်း၊ နယ်သာလန်နိုင်ငံသည် မြေနေရာ ရှားပါးသော်လည်း ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးကာ အမေရိကန်ပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စိုက်ပျိုးရေးထွက်ကုန် တင်ပို့နိုင်ခြင်း၊ ထိုင်းနိုင်ငံသည် စိုက်ပျိုးရေး အခြေခံစားသောက်ကုန်စက်မှုလုပ်ငန်းများ ထူထောင်၍ စည်သွတ်ဘူးနှင့် အသင့်စားအစားအစာများ ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ခြင်းတို့ကြောင့် စီးပွားရေး မြင့်မားတိုးတက်လာကြခြင်း ဖြစ်သည်။

"မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဘဏ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ရောင်းဝယ်ခြင်း လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ "မိမိတို့အနေဖြင့် ရှိပြီးဖြစ်သည့် မြေသယံဇာတ၊ ရေသယံဇာတများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် စနစ်တကျ အသုံးချ ဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ယခုထက်များစွာတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်မှာ အားလုံးက အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး နိုင်ငံတော် အစိုးရက ဖန်တီးဆောင်ရွက်ပေးသွားရန်လိုကြောင်း" လည်း နိုင်ငံတော် သမ္မတက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြသည့်အနက် ကျေးလက်လူဦးရေ၏ ထက်ဝက်ခန့်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ ရေလုပ်ငန်း တို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြခြင်းဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်လာပြီး ပြည်တွင်းဝယ်လိုအားနှင့် စီးပွားရေးလည်ပတ်မှုကို အားကောင်းစေမည်ဖြစ်သည်။ သို့ဖြစ်ရာ သီးနှံမျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးခြင်း၊ ခေတ်မီစိုက်ပျိုးမွေးမြူရေး စက်ကိရိယာများ သုံးစွဲခြင်းနှင့် နည်းပညာများကို အသုံးချခြင်းဖြင့် တစ်ဧကအထွက်နှုန်းနှင့် အရည်အသွေးတို့ကို မြှင့်တင်နိုင်ဖို့ လိုသည်။

ထို့အပြင် စိုက်ပျိုးမွေးမြူရေးသက်သက်မျှကိုသာ အားကိုးမိခဲ့နေပါက ရကြီးမှု၊ မိုးခေါင်ရရှားမှု စသောရာသီဥတုဖောက်ပြန်မှု၊ သီးနှံဖျက်ပိုးမွှားကျရောက်မှု၊ ကမ္ဘာ့ဈေးကွက် ဈေးနှုန်းမတည်ငြိမ်မှုတို့ကြုံတွေ့ရပါက စီးပွားရေးကို ထိခိုက်လွယ်စေသည်ကို သတိပြုရန်လိုသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရာသီဥတု၊ စိုက်ပျိုးသီးနှံတို့ တူညီသော်လည်း ကုန်ကြမ်းများကို စက်ရုံများမှ တန်ဖိုးမြှင့်ကုန်ချောများအဖြစ် ပြောင်းလဲနိုင်ခဲ့၍ ဝင်ငွေ အမြောက်အမြား ရရှိနေခြင်းဖြစ်သည်။ သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကို အခြေခံအုတ်မြစ်အဖြစ် နိုင်မာအောင် တည်ဆောက်ကာ ၎င်းနှင့် ဆက်စပ်နေသည့် စက်မှုလုပ်ငန်း (Agro-based Industry) နှင့် ဝန်ဆောင်မှုကဏ္ဍများကိုပါ ဟန်ချက်ညီညီ မြှင့်တင်ပေးမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့ လျင်လျင်မြန်မြန် ရောက်ရှိနိုင်ကြမည် ဖြစ်သည်။

နည်းလမ်းများ မည်မျှကောင်းမွန်စေကာမူ လက်တွေ့လျှောက်လှမ်းကြမှသာလျှင် ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကလိုအပ်ချက်သည် အမှန်တကယ် အလုပ်လုပ်ကြရန်ပင် ဖြစ်သည်။ လက်တွေ့ကျကျ အမှန်တကယ် အလုပ်လုပ်နိုင်ရေးအတွက် လည်း လိုအပ်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရန် ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာနိုင်ပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)

သတင်းထောက်များ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း

ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်

သုတေသန - အိအိခင်နှင့် အဖွဲ့

စာတည်းမှူးချုပ် - ဟန်လင်းအောင်

စာတည်းမှူး - ခင်ရတနာ

စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း

ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်

သုတေသန - အိအိခင်နှင့် အဖွဲ့

ဓာတ်ပုံသတင်းထောက် - တင်စိုး

စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ.ဖွန်တို့အဖွဲ့

အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့

စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၁၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၊ စီမံ ၀၁-၅၄၄၃၃၅၊ ဒွေစာရင်း ၀၁-၅၄၄၃၃၀၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

❂ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေး မြို့၊ မဓုရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မ သမိန္ဒိကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုနေဟိတရေဒဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှုးပြုသည့် ပဉ်ဖိတ် ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီမြှင့်တော်မူကြပြီး နိုင်ငံတော် သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီနှင့်ဇနီး၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊

စာမျက်နှာ ၄ သို့





နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှုးပြုသည့် ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ပဒေသာပင်များကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား ကြည့်ရှုစဉ်။



ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၃ မှ

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်သမ္မတသည် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များသည် လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

တရားတော်များ နာယူ

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇဓာနီ သာမဏေကျော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံလည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၅ သို့



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

- **ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၈ ပင်၊ တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၇၁၇ သိန်းကျော်ဖြစ်**

စာမျက်နှာ ၄ မှ

နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုနှစ်ကြိမ်များက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်း သံဃာ့နာယကအဖွဲ့ဝင်၊ တပ်ကုန်းမြို့ ဌေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသ တို့ထံမှ ကထိန်အမေး အဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဓမ္မသမိဒ္ဓိ ကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင် မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၈ ပင်၊ တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ် သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် သိန်းပေါင်း ၂၇၁၇ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း နှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်း နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



*** ရွှေဖုံးမှ**

"ရှမ်းပြည်နယ်မှာ ဆီစားသုံးမှုဖူလုံဖို့အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် ရှမ်း ပြည်နယ်တောင်ပိုင်းမှာ ၁၀၇ ဒသမ ၃၉ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း မှာ ၅၃ ဒသမ ၁၅ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ၃၇ ဒသမ ၂၀ ရာခိုင်နှုန်း ထွက်ရှိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံး ခြံပြီး ကြည့်မယ်ဆိုရင် ဆီဖူလုံမှုရာခိုင်နှုန်း ၇၁ ဒသမ ၅၇ ရာခိုင်နှုန်းပဲရှိသေးတဲ့ အတွက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆီဖူလုံမှုတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ရည်မှန်းချက်အနေနဲ့ ၂၀၂၆-၂၀၂၇ ခုနှစ် ရှမ်း (တောင်)မှာ ၁၀၇ ဒသမ ၆၁ ရာခိုင်နှုန်း၊ ရှမ်း(မြောက်)မှာ ၅၈ ဒသမ ၆၃ ရာခိုင်နှုန်း၊ ရှမ်း(အရှေ့)မှာဆိုရင် ၃၇ ဒသမ ၇၆ ရာခိုင်နှုန်းနဲ့ ပြည်နယ်အတွက် ၇၄ ဒသမ ၃၁ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငြိမ်းထွန်းက ပြောသည်။

ရှမ်း(တောင်)၊ ရှမ်း(မြောက်)နှင့်ရှမ်း(အရှေ့)တို့တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန့်ညင်းစေ့၊ ပန်းနှမ်းနှင့် ဆီမုန်လာတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး အဆိုပါဆီထွက်သီးနှံခြောက်မျိုးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ကုန်ပိုင်းအထိ မြေပဲ ၁၀၅၅၂ ဧက၊ နှမ်း ဧက ၃၁၇၆၀နှင့် နေကြာ ဧက ၁၃၅၄၀ ဖြင့် စုစုပေါင်း ၁၅၀၅၅ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၉၄၈၄ ဧက ရိတ်သိမ်းခဲ့သည်။

စားသုံးဆီဖူလုံမှုတိုးတက်လာစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ တောင်ကြီး ညောင်ရွှေနှင့် ပင်တယမြို့နယ်တို့တွင် ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်၌ မြေပဲနှင့်နေကြာ သီးနှံ ၂၂၄၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၆-၂၀၂၇ ခုနှစ်၌ ဆီထွက်သီးနှံ အထူးဇုန်များကို တောင်ကြီး၊ ညောင်ရွှေ၊ ပင်တယ၊ လင်းဆေးနှင့် မိုင်းဘုံမြို့နယ်တို့၌ မြေပဲ၊ နှမ်း၊ နေကြာ ၂၄၅၇၉ ဧက စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ဆီထွက်သီးနှံတိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရှမ်း(တောင်)နှင့်ရှမ်း(အရှေ့)၌ပြည်နယ်ဌေလုံးဌေရင်း ရန်ပုံငွေမှ မျိုးစေ့ထုတ်ကေများအတွက် စပါး၊ နေကြာ၊ မြေပဲနှင့်ပဲပုပ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ၂၀၂၆-၂၀၂၇ ခုနှစ်၌ တစ်ကေလျှင် ယူရီးယားဓာတ်မြေဩ တစ်အိတ်၊ ကွန်ပေါင်းဓာတ်မြေဩတစ်အိတ်နှင့် သဘာဝဓာတ်မြေဩ လေးအိတ်နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ပြည်နယ်စိုက်ပျိုးရေး

◆ ရွှေဖုံးမှ

ထိုသို့ ဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့များက လုပ်ငန်းစဉ်အဆင့်ဆင့်ကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲသို့ သွားရောက်၍ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြေ၊ မျိုး၊ ပိုး ဓာတ်ခွဲခန်းအဆောက်အအုံ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်မြေဩနှင့် မြေဆီလွှာဓာတ်ခွဲခြင်းလုပ်ငန်းများ၊ သီးနှံများတွင်ကျရောက်သည့် ပိုးမွှားရောဂါဓာတ်ခွဲခြင်းနှင့် မျိုးစေ့အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ဒေါ်ခွေရုပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ သွားရောက်၍ ကယားပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် နေအိမ်ထိခိုက် ပျက်စီးခဲ့ရသည့် ပြည်သူများအတွက် တန်ဖိုးနည်း အိမ်ရာဆောက်လုပ်ရန် သစ်ခွဲသားများ ပထမအကြိမ် ရောက်ရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သစ်များ စနစ်တကျ နေရာချထားရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ သတ်မှတ်တန်ချိန် ပြည့်မီစေရေး၊ ကျန်ရှိသည့် သစ်တန်ချိန်များကိုလည်း သတ်မှတ်ကာလ အတွင်း အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်ရန်နှင့် အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများကို စတင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ ရွှေဖုံးမှ

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"အက်ဗန်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအား၊နှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မြန်မာစံတော်ချိန် ၁၂နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့် ဖြစ်သည်။

နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ဩရိသာပြည်နယ်တောင်ပိုင်းတို့ကို နာဆာပူမြို့နှင့် ပူရီမြို့တို့အကြား ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချန်း



၁၉-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"(AKVAN)လမ်းကြောင်းပြမြေပုံ



ရွာမည်။ မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိ နိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Indra Mani Pandey က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်တာဝန်လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အဖွဲ့ဝင်နိုင်ငံများအနက် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးဒဏ်ကာကွယ်တားဆီးရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပိုင်းဝန်းကူညီဆောင်ရွက်သင့်သည့်အခြေအနေများ၊ မကြာမီကျရောက်တော့မည့် ဘင်္ဂလားဒေ့ရှ်အဖွဲ့ တည်ထောင်မှုနှစ် ၃၀ ပြည့်အခမ်းအနား ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အဖွဲ့ဝင်နိုင်ငံ အစိုးရများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအဖြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

> “မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အဖွဲ့ဝင်နိုင်ငံ အစိုးရများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး”

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သည် မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ခိုင်မာတိုးတက်လာမှုနှင့် နှစ်ဖက်သံရုံးများ အပြန်အလှန်ဖွင့်လှစ်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် အစိုးရသစ်ပေါ်ပေါက်လာမှုအပေါ် ထောက်ခံအားပေးခဲ့မှု၊ မြန်မာ့လွှတ်တော်ဖွဲ့စည်းပုံနှင့် နိုင်ငံတကာပါလီမန်အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အတွေ့အကြုံဖလှယ်ရေး တိုးမြှင့်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နေ့ာတောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

❍ ရွှေဖိုးမှ

ရန်ကုန် - ပဲခူး - မော်လမြိုင် လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် လိုအပ်သည့် စက်သုံးဆီများကို အမြန်ဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များဖြင့် တစ်နိုင်ငံလုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ဖြည့်တင်းထားရှိပြီးဖြစ်သည့်အပြင် အရန်ဆီများ ကြိုတင်ထားရှိစီမံဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အများပြည်သူများအနေဖြင့် စက်သုံးဆီများကို မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ပြည်သူများကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကျန်းမာကြံ့ခိုင်သည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် အားကစားစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးလာစေရန် အတွက် ၂၀၂၆ ခုနှစ် လူထုလှုပ်ရှားမှု ဆောင်းရာသီ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိကာရာဂွါနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာဉ်)

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်သံအမတ်ကြီးကို မိမိတို့ပြည်သူ့လွှတ်တော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပထမဆုံးခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်မှစ၍ ထူထောင်ခဲ့ကြပြီး နှစ်နိုင်ငံသံရုံးများ အပြန်အလှန် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။

ထို့နောက် နီကာရာဂွါသံအမတ်ကြီးက ပြောကြားရာတွင် ယခုလို တွေ့ဆုံခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုသာမက လွှတ်တော်အချင်းချင်း၊ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် အပြန်အလှန်နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေး ခရီးစဉ်များနှင့် အတွေ့အကြုံ အမြင်ချင်းဖလှယ်ရေး ဆိုင်ရာကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ ပြောကြားချက်များကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ယခုမှ စတင်ထူထောင်ကြသော်လည်း ကုလသမဂ္ဂ၊ ဘင်္ကမလိုက်အဖွဲ့၊ WTO၊ IPU တို့တွင် အတူပါဝင်ခဲ့ကြသူများဖြစ်၍ မိတ်ဆွေနိုင်ငံများပင် ဖြစ်ကြသည်ဟု ဆိုနိုင်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ မိမိတို့နိုင်ငံ၏ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်ခွင်းချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများ တိုးမြှင့်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ လွှတ်တော်ရေးရာကော်မတီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် အဆွေတော်၏ ကမ်းလှမ်းပြောကြားချက်များကို အထူးကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ စတင်နိုင်ရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလိုသံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် မိမိတို့နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ ပညာရေး၊ သုတေသနနှင့် နည်းပညာဖလှယ်မှုနယ်ပယ်များမြှင့်တင်နိုင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma ကို နေပြည်တော်ရှိ ရုံးအမှတ်(၁၅) ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ ပညာရေး၊ သုတေသနနှင့် နည်းပညာဖလှယ်မှု နယ်ပယ်များမြှင့်တင်နိုင်ရေး၊ သုတေသနပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စိုက်ပျိုးရေးနယ်ပယ်များတွင် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရေး၊ ပုစွန်မွေးမြူရေး၊ ပင်လယ်မျှော့မွေးမြူရေး၊ ငါးသားပေါက်ထုတ်လုပ်ရေး၊ ရေသတ္တဝါရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် Digital Aquaculture Management ဆိုင်ရာ နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။



တွေ့ဆုံရာသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

အားကစားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိ ဗိုလ်စွဲခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအမျိုးသမီး စပေးဘောဆုရရှိသော ကျောနံပါတ်(၄) အားကစားရေးရာဝန်ကြီးဌာနမှ မယုနန္ဒာ၊ အကောင်းဆုံးအမျိုးသမီး ခုခံဆယ်ဆရရှိသော ကျောနံပါတ်(၆) ကာကွယ်ရေးဝန်ကြီးဌာနမှ မစံပယ်တင်၊ အကောင်းဆုံး အမျိုးသမီး ပင့်ထောင်ဆုရရှိသော ကျောနံပါတ်(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မနန်းမွှာသကလိုင်၊ အကောင်းဆုံးအမျိုးသမီး ရိုက်ခုတ်ဆုရရှိသော ကျောနံပါတ်(၁၇) ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ မသူဇာအောင်၊ အကောင်းဆုံး အမျိုးသမီး ပိတ်ဆို့ဆုရရှိသော ကျောနံပါတ် (၁၄) ပြည်ထဲရေးဝန်ကြီးဌာနမှ မနေသလေး၊ အကောင်းဆုံး အမျိုးသား စပေးဘောဆုရရှိသော ကျောနံပါတ်(၁) ပြည်ထဲရေးဝန်ကြီးဌာနမှ မောင်နေလင်းအောင်၊ အကောင်းဆုံး အမျိုးသား ခုခံဆယ်မဆုရရှိသော ကျောနံပါတ်(၁၂) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ခိုင်မင်း၊ အကောင်းဆုံးအမျိုးသား ပင့်ထောင်ဆုရရှိသော ကျောနံပါတ်(၃၀) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်စံညွှန့်မောင်၊ အကောင်းဆုံးအမျိုးသား ရိုက်ခုတ်ဆုရရှိသော ကျောနံပါတ်(၁၄) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ကြယ်စင်ဖြိုး၊ အကောင်းဆုံး အမျိုးသား ပိတ်ဆို့ဆုရရှိသော ကျောနံပါတ် (၉) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ရဲလင်းအောင်တို့ကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော ကျောနံပါတ် (၁၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မခင်ချိုထက်နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အမျိုးသားအားကစားသမားဆုရရှိသော ကျောနံပါတ်(၈) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ရှိန်းသူအောင်တို့အား ဆုဖလားနှင့် ငွေသားဆုတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းကလည်းကောင်း၊ စတုတ္ထဆုရရှိသော ပညာရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီးဦးရဲဖြင့်ထွန်းကလည်းကောင်း၊ တတိယဆုရရှိသော အားကစားရေးရာဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသားအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဗုန်းမြတ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲအား အမျိုးသားဘော်လီဘောအသင်း(၁၉)သင်းနှင့် အမျိုးသမီးဘော်လီဘောအသင်း(၉)သင်း ဝင်ရောက်၍ နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နေပြည်တော် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၌ လေးမြွှာပူးမွေးဖွားသော မိခင်အား ထောက်ပံ့ငွေ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၌ လေးမြွှာပူးကလေး(မ - ၄ ဦး) မွေးဖွားခဲ့သော မိခင်နှင့် မိသားစုကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်နှင့်အတူ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

အဆိုပါ လေးမြွှာပူးကလေးများကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရအုပ်စု အင်ဒိုင်းကျေးရွာနေ ဦးနေလင်းအောင်၏နှမ ဒေါ်ဝိုင်းက အောက်တိုဘာ ၂၀ ရက်တွင် နေပြည်တော်သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး၌ မွေးဖွားခဲ့ခြင်း ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သုံးမြွှာပူးနှင့် အထက်မွေးဖွားသော မိခင်နှင့်ကလေးများ၏ အာဟာရဖြည့်စွက်ကျွေးမွေးနိုင်ရေးအတွက် ထောက်ပံ့ကြေးများကို နှစ်စဉ်ပေးအပ်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုဝင်ဘာအထိ သုံးမြွှာပူးနှင့်အထက် မွေးဖွားသော



မိခင် ၁၀ ဦးကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့သွားရောက်စဉ်ပြည်ထောင်စုဝန်ကြီးသည် မွေးကင်းစကလေးဆောင်၌ ကလေးများ ပြုစုစောင့်ရှောက်ပေးနေမှုကိုကြည့်ရှုပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများကို ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



(၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် သုံးခု၊ ကြေးတံဆိပ်နှစ်ခုရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်တွင်ရပ်တည်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၉

မလေးရှားနိုင်ငံ မလက္ကာမြို့တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet-34th AARM) ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနွှတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၅၅ ဦးတို့ ပါဝင်ခဲ့ကြပြီး ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြရာ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု၊ တစ်ဦးချင်း ပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု စုစုပေါင်း ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄) နေရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းနည်းပညာပိုင်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှု အဆိုပြုလွှာအား (Expression of Interest – EoI) ခေါ်ယူခဲ့ရာ လုပ်ငန်းဆောင်ရွက်ရန်စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းယှဉ်ပြိုင်မှုတွင် ပဏာမရွေးချယ်ခံထားရသည့် ကုမ္ပဏီများမှ နည်းပညာပိုင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့တွင် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) နေပြည်တော်၌ ကျင်းပသည်။ (အောက်ပုံ)

ရှင်းလင်းပွဲသို့ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း လုပ်ငန်းဆောင်ရွက်မှု စီစစ်ကြပ်မတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် တက်ရောက်ဆွေးနွေးသည်။

အဆိုပါနည်းပညာပိုင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်သွားမည့် အစီအမံများ၊ တိုးချဲ့ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းများနှင့် ရေရှည်ဆောင်ရွက်သွားမည့်အစီအမံများ ရှင်းလင်းတင်ပြမှုများအပေါ် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှု စီစစ်ကြပ်မတ်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် လိုအပ်ချက်များ ပြန်လည်ဆွေးနွေး၍ ဒုတိယဝန်ကြီးက လိုအပ်သည်များ ထည့်သွင်းဆွေးနွေးပြီး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဖလမ်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးပြီး ရုံးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

ဖလမ်း နိုဝင်ဘာ ၁၉

အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဖလမ်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးပြီး ဆိုလာမီးတပ်ဆင်ထားရှိ၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးသဖြင့် ဝန်ထမ်းများ အခြေချနေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။



ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက အဆိုပါ ဝန်ထမ်းအိမ်ရာများကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးရုံး၊ အဆောက်အအုံ ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ မှတ်ပုံတင်လာရောက် လျှောက်ထားသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ

မြို့နယ် ဦးစီးမှူးရုံးတွင် အသက် (၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီးပျောက်ဆုံးသူများအား မိတ္တူဆောင်ရွက်ပေးခြင်း အိမ်ထောင်စုလူဦးရေစာရင်း ပျက်စီးပျောက်ဆုံးသူများအား မိတ္တူဆောင်ရွက်ပေးခြင်း အိမ်ထောင်စုလူဦးရေ ခွဲထွက်၊ ပြောင်းဝင်/ပြောင်းထွက်၊ မွေးတိုး/ သေဆုံး စာရင်းများ ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် စာရင်းစစ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ရုံးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် လမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံး အဆောက်အအုံ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု၊ ဆိုလာမီးများ တပ်ဆင်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးရာ ဝန်ထမ်းအိမ်ရာသည် နှစ် ၁၀၀ ကျော် အဆောက်အအုံ ဖြစ်သည့်အတွက် မူလလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အာဆီယံအုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များဖိုရမ်နှင့် အာဆီယံမြို့တော်များ၏ အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် အာဆီယံ အုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များဖိုရမ်နှင့် အာဆီယံမြို့တော်များ၏ အုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များအစည်းအဝေးများသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးကံမြင့်သန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်နှင့် အစည်းအဝေးများသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

အာဆီယံအုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များဖိုရမ်ကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် နိုင်ငံမှ အာဆီယံနိုင်ငံများ၏ မြို့တော်များနှင့် မြို့ကြီးများအား ဖိတ်ကြား၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်သည် (၁၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖိုရမ်၌ Digital Economy and Inclusive Growth ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် နေပြည်တော်မြို့တော်ဝန်က Speaker အဖြစ် တက်ရောက်ဆွေးနွေးရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအား ဒီဂျစ်တယ်သို့ အသွင်ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ အာဆီယံမြို့တော်များအကြား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ReCAAP ISC ၏ Cluster Meeting-2026

အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ReCAAP ISC ၏ Cluster Meeting–2026 အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်များတွင် ရန်ကုန်မြို့ PARKROYAL Hotel ၌ ကျင်းပရာ အစည်းအဝေးသို့ ReCAAP Information Sharing Centre (ISC)မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် လေ့လာသူနိုင်ငံများအဖြစ် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်များ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံရေကြောင်းအဖွဲ့အစည်း ၁၉ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ReCAAP ISC ၏ မြန်မာနိုင်ငံဆိုင်ရာ Governor က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ReCAAP Information Sharing Centre (ISC) ၏ အမှုဆောင်ဒါရိုက်တာ Vijay D Chafekar က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာသူကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးအား ဆက်လက်ကျင်းပရာ ဒေသတွင်း ရေလက်ကြား ရေလမ်းကြောင်းများတွင် ပင်လယ်ဓားပြမှုနှင့် လက်နက်ကိုင်လုယက်မှုဖြစ်စဉ်များ ဖြစ်ပွားနေမှုနှင့် ပတ်သက်၍ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြပြီး ဒေသတွင်း လက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် အခြေအနေ၊ သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဆက်လက်၍ အဖွဲ့လိုက် ဆွေးနွေးချက်များအပေါ် ReCAAP Information Sharing Centre(ISC) ၏ အမှုဆောင်ဒါရိုက်တာက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးစခန်းများနှင့် အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းများအား ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်မြို့ စစ်ချောင်းမြို့နယ် ဟံသာဝတီရုံးရှိ ဒေတာစင်တာ၊ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းနှင့် ဝေဠုဝန်ဆက်သွယ်ရေးစခန်းတို့၌ သက်ဆိုင်ရာ တာဝန်ရှိသူများက ဝန်ဆောင်မှု လုပ်ငန်းများနှင့် ဒေတာစင်တာ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ရန်ကုန်မြို့တွင်း ရှပ်ထွေးနေသော ကေဘယ်လ်ကြိုးများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအပြင် ဆက်သွယ်ရေးဝန်ဆောင်မှု ပေးသည့် ကုမ္ပဏီများ ပူးပေါင်းပါဝင်၍ မြို့နယ်အလိုက် ရှင်းလင်းဆောင်ရွက်သွားကြရန် ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် ဆက်သွယ်ရေး ဆက်ကြောင်းများ အစဉ်ကောင်းမွန်စေရေး၊ လိုအပ်သည့် အရန်ဆက်ကြောင်းများကို ဆောင်ရွက်ထားရှိရန်နှင့် ချို့ယွင်းမှု ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အမြန်ဆုံးပြုပြင်နိုင်ရေး အတွက် စီမံဆောင်ရွက်ထားရှိရန် လည်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အဖိုးတန်ရေချို၊ တန်ဖိုးထား ထိန်းသိမ်းကြစေလို။

မြန်မာနိုင်ငံကြက်ခြေနီအသင်း အရင်းအမြစ်စုစည်းအသုံးချရေး မဟာဗျူဟာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အရင်းအမြစ် စုစည်းအသုံးချရေးဌာန အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ ဩစတြေးလျနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသော အရင်းအမြစ်စုစည်းအသုံးချရေးမဟာဗျူဟာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်သံလွင်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲကို အသင်း၏ အရင်းအမြစ်များ စနစ်တကျ စုစည်းအသုံးချပြီး လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ ရေရှည်တည်တံ့ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံ ရပ်ရွာလူထုကိုယ်စားလှယ်များ၊ ပါတနာအဖွဲ့အစည်းများ၊ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Program Coordinator Dr. Sara က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊



အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ၊ မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာကြံခိုင်ဖို့ အရွယ်တိုင်းမှာ အာဟာရမျှတစွာ စားသုံးစို့

အောင်မင်း(ကျန်းမာရေးပညာ)

လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်တွင် မူတည်နေပါသည်။ ထိုလေးချက်ထဲမှ ကိုယ်တိုင်ဖန်တီးလုပ်ဆောင်နိုင်သော အရာဖြစ်သည့် အာဟာရအကြောင်း ဆွေးနွေးတင်ပြလိုပါသည်။ ဘဝတစ်သက်တာလုံး ကျန်းမာရေးနှင့် ပြည့်စုံစေရေးအတွက် အသက်အရွယ်အလိုက် လိုအပ်သော အာဟာရများကို စနစ်တကျရွေးချယ်စားသုံးတတ်ရန် အရေးကြီးပါသည်။ မိခင်ဝမ်းတွင်း ကလလရေကြည် သန္ဓေတည်သည်မှ အိုမင်းရင့်ရော်၍ သေဆုံးသည်အထိ အသက်အရွယ်အပိုင်းအခြားအလိုက် လိုအပ်သော အာဟာရဓာတ်များကို မျှတစွာ စားသုံးရန် လိုအပ်ပါသည်။

အာဟာရဓာတ်

အာဟာရဓာတ်သည် အသွေး၊ အသား၊ အင်အား တို့ကို ဖြစ်စေတတ်သော သြဇာဓာတ်ဖြစ်သည်။ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ်အသက်ရှင်ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများ ဖြစ်ပြီး အစားအစာများစားသုံးခြင်းဖြင့် ရရှိနိုင်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးဆက်ပွားခြင်း၊ အင်အားဖြစ်စေခြင်းနှင့်ရောဂါကာကွယ်ခြင်းတို့အတွက် အာဟာရဓာတ်အမျိုးမျိုး လိုအပ်သည်။ အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား/မ၊ ကိုယ်လက်လှုပ်ရှားမှု၊ ကျန်းမာရေးအခြေအနေတို့အပေါ် မူတည်၍ ကွာခြားသည်။ အာဟာရဓာတ်များ စုံလင်စေရန် ဆန်၊ ဂျုံစသည့် ကောက်နှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံများ၊ အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုး စုံလင်အောင်စားရပါမည်။

အစာမျိုးစုံစားဖို့ ဘာကြောင့်လိုအပ်ပါသလဲ

ကျန်းမာစွာ အသက်ရှည်နိုင်ရေးအတွက် ကာဗိုဟိုက်ဒရိတ်၊ ပရိတင်း၊ အဆီ၊ ဗီတာမင်၊ သတ္တုဓာတ် စသည့်အာဟာရဓာတ်မျိုးစုံနှင့် ရေတို့ လိုအပ်ပါသည်။ မွေးစမှ အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းမှ အာဟာရဓာတ်မျိုးစုံကို လုံလောက်စွာရရှိနိုင်သော်လည်း အသက် ခြောက်လကျော်လာသည့် ကလေး (သို့မဟုတ်) လူကြီးတစ်ဦးအတွက် အာဟာရဓာတ်မျိုးစုံကို လုံလောက်စွာ ပေးနိုင်သည့် တစ်မျိုးတည်းသော အစာဟူ၍ မရှိပါ။

- ကာဗိုဟိုက်ဒရိတ်အများဆုံးပါဝင်ပြီး ကျန်အာဟာရများ အနည်းငယ်စီပါဝင်သည့် အစာ၊
- ပရိတင်းအများဆုံးပါဝင်ပြီး ကျန်အာဟာရများ အနည်းငယ်စီပါဝင်သည့်အစာ၊
- အဆီဓာတ်သာ အဓိကပါဝင်သည့်အစာ၊
- ဗီတာမင်နှင့် သတ္တုဓာတ်များသာ အဓိကပါဝင်သည့်အစာဟူ၍သာ ရှိပါသည်။

ထို့ကြောင့် အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်ရန် အစာမျိုးစုံကို နေ့စဉ်စားဖို့ လိုပါသည်။

အစာမျိုးစုံအောင် ဘယ်လိုစားရမလဲ

ထမင်းသည် မြန်မာတို့ နေ့စဉ်စားနေကျ အဓိကအစာဖြစ်သည်။ ကာဗိုဟိုက်ဒရိတ် အများဆုံးပါဝင်ကာ ပရိတင်း ခုနစ်ရာခိုင်နှုန်းခန့် ပါဝင်ပြီး ဗီတာမင်အချို့လည်း ပါဝင်သည်။ ဂျုံ၊ လူး၊ ဆပ်စသည့်ကောက်နှံများ၊ အာလူး၊ ပိန်းဥ၊ ကန်စွန်းဥစသည့် သစ်ဥသစ်ဖုများသည် ကာဗိုဟိုက်ဒရိတ် အများဆုံးကြွယ်ဝပြီး အင်အားဖြစ်စေသော အစာအုပ်စုတွင် ပါဝင်သည်။

အမဲဆီ၊ ဝက်ဆီ၊ မလိုင်၊ ထောပတ်စသည့် တိရစ္ဆာန်အဆီများ၊ နှမ်းဆီ၊ ပဲဆီ စသည့်အပင် ထွက် အဆီများသည် အဆီဓာတ်ကြွယ်ဝပြီး အင်အားဖြစ်စေသော အစာအုပ်စုတွင် ပါဝင်သည်။

အသား၊ ငါး၊ ပုစွန်၊ ဥအမျိုးမျိုး၊ နို့၊ ပဲအမျိုးမျိုး တို့သည် ပရိတင်းဓာတ်ကြွယ်ဝပြီး ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုတွင် ပါဝင်သည်။

သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များသည် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝပြီး ရောဂါကာကွယ်စေသော အစာအုပ်စုတွင် ပါဝင်ပါသည်။

အစာမျိုးစုံအောင် စားသည်ဆိုရာတွင် ထမင်းနှင့်အတူ အင်အားဖြစ်စေသော အစာအုပ်စုမှ အစာတစ်မျိုး၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာတစ်မျိုး၊ ရောဂါကာကွယ်စေသော အစာအုပ်စုမှ အစာတစ်မျိုး (အနည်းဆုံး) ပါဝင်အောင် နေ့စဉ်စားရမည်။ ကောက်နှံဆိုလျှင် တစ်မျိုးတည်းမဟုတ် ကောက်နှံမျိုးစုံစားရမည်။ ပဲဆိုလျှင်လည်း ပဲမျိုးစုံ၊ အသီးအရွက်ဆိုလျှင်လည်း အသီးအရွက်မျိုးစုံ အောင် စားရပါမည်။

အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ

ဆီသည် အင်အားကိုဖြစ်စေ၏။ ဗီတာမင်အေ ကဲ့သို့ဆီ၌သာ ပျော်ဝင်သော ဗီတာမင်တို့ကို အစာ လမ်းကြောင်းမှ စုပ်ယူနိုင်ရန်အတွက် အစာစားသည့် အခါ ဆီကို ထည့်သွင်းစားသုံးဖို့လိုပါသည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ် (Essential Fatty Acid) ရရှိရန် ဆီကို စားသုံးရပါမည်။ ဆီသည် နှုတ်ကိုမြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများမစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့် ကယ်လိုရီအပြည့်အဝရရှိစေရန် ဆီကိုလုံလောက်အောင်စားဖို့ အရေးကြီးပါသည်။ ထို့ကြောင့် ဆီကို အသက်အရွယ်အလိုက် စားသင့်သလောက် စားရမည်သာဖြစ်၏။ သို့သော် ဆီစားသုံးရာတွင် ဆင်ခြင်တတ်ဖို့ အရေးကြီးပါသည်။

အဆီအမျိုးမျိုးကို ဘယ်လိုဆင်ခြင်ပြီး စားသုံးကြမလဲ

နို့၊ မလိုင်၊ ထောပတ်စသည့် တိရစ္ဆာန်ထွက် အဆီများတွင် ပြည့်ဝသော ဖက်တီးအက်စစ် (Saturated Fatty acids) များ ကြွယ်ဝသဖြင့် နလုံးသွေးကြောကျဉ်းရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ပို၍ များစေပါသည်။ ထိုအဆီများကို ဆင်ခြင်၍ စားသုံးရမည်။ ဆိတ်သား၊ အမဲသား၊ ကြက်၊ ဘဲ၏ အရေပြားစသည်တို့တွင် မျက်စိဖြင့် အလွယ်တကူမမြင်နိုင်သော အဆီများ ပါရှိနေသည်။ တတ်နိုင်သရွေ့ လျှော့၍ စားသုံးပါ။

ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီစသည့် အပင်ထွက် ဟင်းချက်ဆီများတွင် မပြည့်ဝသော ဖက်တီးအက်စစ် (Unsaturated Fatty acids)များ ကြွယ်ဝသဖြင့် အသင့်အတင့် စားသုံးနိုင်ပါသည်။ အစားအစာများကို ဆီနှင့်ကြော်၍မစားဘဲ ပြုတ်၍ စားခြင်း၊ မီးကင်မီးဖုတ်၍စားခြင်း၊ နို့ဂို မလိုင် ထုတ်ပြီးမှ သောက်သုံးခြင်းတို့သည် ဆီကို ဆင်ခြင်၍ စားသည့်နည်းများ ဖြစ်ကြပါသည်။ ပင်လယ်ငါး အချို့၏အဆီတွင် (Omega–3) ဖက်တီးအက်စစ်များ ကြွယ်ဝပြီး နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သည့် ဂုဏ်သတ္တိရှိကြောင်း သိရပါသည်။ ဆားနှင့် အင်နဇာတ်စားသုံးမှုကို တတ်နိုင်သမျှ လျှော့ချပါ။ အိုင်အိုဒင်းဆားကိုသာ စားသုံးပါ။

အိုင်အိုဒင်းဆားကို ဘာကြောင့်စားသုံးသင့်သလဲ

ကလေးများ ပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည် ထက်မြက်ရေးနှင့် လူကြီး၊ လူငယ်လူရွယ်အားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ စားသုံးဖို့လိုအပ်သည်။ အိုင်အိုဒင်း အာဟာရသည် ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါး၊ နို့၊ ဥ စသည့် အစားအစာ မျိုးစုံတွင် အနည်းငယ်စီပါဝင်နေသည်။ ပင်လယ်မှ ထွက်သောအစာများ (ပင်လယ်ငါး၊ ပုစွန်၊ မိခင်နို့ကို စတင်တိုက်ကျွေးပါ။ မီးဖွားပြီး ပထမတစ်ရက်၊ နှစ်ရက်တွင်ထွက်သည့် နို့ရည်ကြည် (နို့ဦးရည်)ကို တိုက်ဖြစ်အောင်တိုက်ပါ။ အာဟာရဓာတ်များ ကြွယ်ဝသည့်အပြင် ရောဂါခုခံစွမ်းအားကိုလည်း ကောင်းစေသည်။ ကလေးဆာတိုင်း အသက်ခြောက်လအထိ မိခင်နို့မှ တစ်ပါး မည်သည့် အရည်၊ အဖတ်မျှတိုက်ကျွေးစရာမလိုပါ။ (ကျွေးလျှင် အစာမကြေဖြစ်မည်။ ဝမ်းပျက်မည်။ နို့စို့နည်း သွားပြီး အာဟာရချို့တဲ့သွားနိုင်သည်။)

နို့တိုက်မိခင်သည် မလိုအပ်ဘဲ အစာရှောင်လွန်းလျှင် မိခင်နို့တွင် ဗီတာမင်ဘီဝမ်း (Vitamin B1) ချို့တဲ့သဖြင့် နို့စို့ကလေးသည် သူငယ်နာ ဘယ်ရီဘယ်ရီ (Infantile Beri Beri) ရောဂါ ကြောင့် ရုတ်တရက် အသက်ဆုံးရှုံးရတတ်သည်။

၃။ အသက်ခြောက်လမှစတင်၍ မိခင်နို့နှင့်အတူ ထမင်းနှင့်အာဟာရပြည့်ဝသော ဖြည့်စွက်စာ အမျိုးမျိုးကို အသက်အရွယ်အလိုက် စုံလင်အောင်ကျွေးပါ

ထမင်းနှင့် ဖြည့်စွက်စာ ဘယ်လိုကျွေးမလဲ။

- ဆန်ပြုတ်(သို့မဟုတ်) ထမင်းကို ညက်နေအောင်ပြုလုပ်၍ စတင်ကျွေးပါ။
- အစာတစ်မျိုးသာ စ၍ကျွေးပါ။ ထိုအစာကိုပင် ၃–၄ ရက်ခန့် ဆက်၍ကျွေးပါ။
- အစာတစ်မျိုးကို ကောင်းကောင်းစားတတ်မှ နောက်ထပ် အစာသစ်တစ်မျိုးတိုး၍ ကျွေးပါ။
- မည်သည့်အစာအမျိုးအစားကို ကျွေးသည် ဖြစ်စေ စတင်၍ ကျွေးသည့်အချိန်တွင် ကလေးမှ မစားလိုသည့်အခါ ဇွတ်အတင်း မကျွေးပါနှင့်၊ ခေတ္တနားထားလိုက်ပါ။ ရက်သတ္တပတ်၊ နှစ်ပတ်ကြာမှ ထိုအစာကိုပြန်၍ ကျွေးကြည့်ပါ။
- ကလေး၏ အသက်အရွယ်ကိုလိုက်၍ အစာကိုမျိုနိုင်အောင် ပြုလုပ်ပြီးမှကျွေးပါ။
- အပူအစပ်၊ အခါးစသည့် အရသာပြင်းများကို ရှောင်ပါ။
- ဆားသင့်ရုံသာ ထည့်ပါ။ မလွန်ကဲပါစေနှင့်။
- ကလေး၏အသက်အရွယ်အလိုက် အသား၊ ငါး၊ ဥ၊ ပဲ၊ အသီးအရွက်များစုံလင်အောင် ကျွေးပါ။
- ဖြည့်စွက်စာကျွေးရင်း မိခင်နို့ကို ကလေးအသက် (၂)နှစ်အထိဆက်၍ တိုက်ပါ။

၄။ ကလေးများနှင့် ပျိုဖော်ဝင်အရွယ်များ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးစေရန် ခန္ဓာကိုယ်ကြီးထွားမှုကို အထောက်အကူပြုသည့်အစာများ ပို၍စားပါ

ကလေးများနှင့် ပျိုဖော်ဝင်အရွယ်များကို ဘာကြောင့် အစာပို၍ကျွေးသင့်သလဲ။

ကလေးတစ်ယောက်၏ကြီးထွားမှုသည် မွေးစအရွယ်တွင် အမြန်ဆုံးဖြစ်သည်။ အသက် ခြောက်လခန့်တွင် မွေးစကိုယ်အလေးချိန်၏ နှစ်ဆဖြစ်လာသည်။ အသက်တစ်နှစ်ခန့်တွင် မွေးစကိုယ် အလေးချိန်၏ သုံးဆဖြစ်လာသည်။ ကလေး၏ ဦးနှောက်သည် မွေးပြီး နှစ်နှစ်အတွင်း အမြန်ဆုံးကြီးထွားဖွံ့ဖြိုးနေသည်။ ကလေးသူငယ်ဘဝတစ်လျှောက်တွင်လည်းကြီးထွားဖွံ့ဖြိုးမှု ဆက်လက်ဖြစ်ပေါ်နေသည်။ လူပျိုဖော်ဝင်ချိန်တွင် ယောကျ်ားကလေးများ တစ်ရှိန်ထိုးကြီးထွားကြသည်။ အပျိုသဘာဝပြောင်းလဲမှုများ ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်သည်။ အာဟာရဓာတ်များ လုံလောက်စွာရရှိမှသာ ကလေးသူငယ်ဘဝနှင့် ပျိုဖော်ဝင်အရွယ်တွင် အစွမ်းကုန် ကြီးထွားဖွံ့ဖြိုးနိုင်ပေလိမ့်မည်။

“အစာကို မျှတစွာစားသုံးခြင်း၊ ဆီနှင့် အငန်ကို ဆင်ခြင်စားသုံးခြင်းတို့နှင့်အတူ အခြားသော အပြုအမူအနေအထိုင်များကိုလည်း ဆင်ခြင်ဖို့လိုပါသည်။ ဆေးလိပ်လုံးဝမသောက်ပါနှင့်၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးရွက်ကြီးပါသည့် ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ပါ။ အရက်အလွန်အကျွံ မသောက်သုံးပါနှင့်။ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ပါ။ ပူပင်သောကများကို တတ်နိုင်သမျှ ဖြေဖျောက်ပါ”

စာမျက်နှာ ၁၁ သို့

တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးအငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သော ရှမ်းပြည်နယ် ဝူရှူးအသင်းအား ကြိုဆိုဂုဏ်ပြု



တောင်ကြီး နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးအငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သော ရှမ်းပြည်နယ် ဝူရှူးအသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးပြိုင်ပွဲ အငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သော ပြည်နယ်ဝူရှူးအားကစားသမားများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကျောင်းသားကျောင်းသူများ၊ သူနာပြုဘဝတန်းကျောင်းမှ သင်တန်းသူများနှင့်အတူ ပန်းစည်းများ၊ ပန်းကုံးများဖြင့် ကြိုဆိုကြသည်။ (ယာပုံ)

ကြိုဆိုဂုဏ်ပြုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက် ဆုဖလား၊ ဘတ်စကက်ဘောပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုဖလား၊ ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက် ဆုဖလား၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ အမျိုးသမီးတံခွန်စိုက်ဆုဖလား(ပူးတွဲ)၊ ဝူရှူးပြိုင်ပွဲ Form C အငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားတို့ကို အပ်နှံကြရာ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က အားကစားနည်းအလိုက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လေ့လော်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လေ့လော်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ် ဝင်း(အင်းယားကန်)၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူက အဖွင့်အမှာစကား ပြောကြားပြီး ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမား ၂၄၆ ဦးဖြင့် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသက် (၂၁)နှစ်အောက် ကာယဗလမောင် ပြိုင်ပွဲ၊ (၅၅) ကီလိုတန်းပြိုင်ပွဲ၊ (၆၀) ကီလိုတန်းပြိုင်ပွဲ၊ (၆၅)ကီလိုတန်းပြိုင်ပွဲ၊ (၇၀)ကီလိုတန်းပြိုင်ပွဲ၊ (၇၅)ကီလိုတန်းပြိုင်ပွဲ၊ (၇၅)ကီလိုတန်းနှင့်အထက် ပြိုင်ပွဲ၊ Men's Athletic Physique up to 170 cm ပြိုင်ပွဲ၊ Men's Athletic Physique Over 170 cm ပြိုင်ပွဲ၊ Men's Sport Physique up to 170 cm ပြိုင်ပွဲ၊ Men's Sport Physique Over 170 cm ပြိုင်ပွဲ၊ Men's Fitness Physique Open ပြိုင်ပွဲ၊ Women's Fitness Physique ပြိုင်ပွဲ၊ Women's Model Physique up to 160 cm ပြိုင်ပွဲနှင့် Women's Model Physique Over 160 cm ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဧနီးများနှင့် တာဝန်ရှိသူများက ဆုကလပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် Women's Athletic Physique Open ပြိုင်ပွဲနှင့် Men Overall ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဧနီးတို့က ဆုကလပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ခွဲထက်ကို(ပြန်/ဆက်)



ပန်းတနော်မြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်

ပန်းတနော် နိုဝင်ဘာ ၁၉

ရေဝေတိုတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း စိမ်ကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ဆီထွက်သီးနှံများ စိမ်ကိန်းရည်မှန်းချက် ပြည့်မီအောင်မြင်အောင် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အင်းမကျေးရွာအုပ်စု ကံကော်ကျောင်းတိုက်၌လည်းကောင်း၊ မွန်းတည့် ၁၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲလည်းကောင်း ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦး တက်ရောက်သည်။

တွေ့ဆုံပွဲများတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူးတို့က စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



စာမျက်နှာ ၁၀ မှ

၅။ သက်ကြီးပုဂ္ဂိုလ်ဘဝတွင် အာဟာရဓာတ်များ ကြွယ်ဝသည့် အစာများကိုသာ ရွေးချယ်စားသုံးပါ

သက်ကြီး ပုဂ္ဂိုလ်ဘဝတွင် ကိုယ်လက်လှုပ်ရှားမှုနည်းသည်။ ကယ်လိုရီအင်အား လိုအပ်ချက်လည်းနည်းသည်။ အစားအသောက်နည်းသည်။ ရောဂါခုခံစွမ်းအားလည်းနည်းသည်။ ထို့ကြောင့် အာဟာရဖြစ်သောအစာများကို ရွေးချယ်စားသောက်ခြင်း၊ တတ်နိုင်သမျှ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကျန်းမာရေးအခြေအနေကို ထိန်းထားနိုင်သည်။

သက်ကြီးပုဂ္ဂိုလ်များသည် ထုံးဓာတ်၊ သံဓာတ်၊ သွပ် (Zinc) ဓာတ်စသည့် သတ္တုဓာတ်များ လိုအပ်သည်။ အောက်ဆီဂျင်ဓာတ်တိုးဓာတ်ပြုမှုကို ဆန့်ကျင်သည့် (Antioxidant) အာဟာရဓာတ်များဖြစ်သော ဘီတာကယ်ရိုတင်း၊ ဗီတာမင်စီ၊ ဗီတာမင်အီးတို့သည် ဇရာနှင့်နှိုးနွဲ့နေသော ရောဂါများမှ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အာဟာရဓာတ်များကြွယ်ဝသည့် အသား၊ ငါး၊ နို့၊ ဥ နှင့် အသီးအနှံများကို ရွေးချယ်စားသင့်သည်။ လှုပ်ရှားမှုနှင့် အစားအသောက်လိုက်လျောညီထွေဖြစ်ဖို့ လိုပါသည်။ တစ်ကြိမ်လျှင် အစားနည်းနည်း၊ ခဏခဏစားသင့်သည်။ ဆီများသောအစာ၊ ငံသောအစာ၊ ပူစပ်သောအစာများကို ရှောင်သင့်သည်။

အရွယ်တိုင်း အာဟာရပြည့်ဝမျှတပြီး ကျန်းမာစွာအသက်ရှည်ရေးအတွက် ဆေးလိပ်မသောက်ပါနှင့်။ ဆေးရွက်ကြီးငုံခြင်း၊ ဆေးရွက်ကြီးပါသည့် ကွမ်းစားခြင်းတို့ကို ရှောင်ပါ။ အရက်ကို အလွန်အကျွံမမှီဝဲပါနှင့်။

အာဟာရလွန်ကဲပြီး ဝဖြိုးခြင်းနှင့် ဒွန်တွဲနေသော ဆီးချို၊ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါများသည် မြန်မာနိုင်ငံတွင် တဖြည်းဖြည်း အဖြစ်များလာလျက် ရှိနေပါသည်။ ထိုရောဂါများဖြစ်ပွားရခြင်းနှင့် ထိုရောဂါများကြောင့် သေဆုံးရခြင်းတို့သည် အစာစားသုံးခြင်းနှင့်သာမက အခြားသော အပြုအမူအနေအထိုင်များနှင့်လည်း ဆက်စပ်နေပါသည်။

ထို့ကြောင့် အစာကို မျှတစွာစားသုံးခြင်း၊ ဆီနှင့် အဝနဲ့ကို ဆင်ခြင်စားသုံးခြင်းတို့နှင့်အတူ အခြားသော အပြုအမူအနေအထိုင်များကိုလည်း ဆင်ခြင်ဖို့ လိုပါသည်။ ဆေးလိပ်လုံးဝမသောက်ပါနှင့်၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးရွက်ကြီးပါသည့် ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ပါ။ အရက်အလွန်အကျွံမသောက်သုံးပါနှင့်။ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ပါ။ ပူပင်သောကများကို တတ်နိုင်သမျှ ဖြေဖျောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းဝေးရေး၊ ကျန်းမာသော လူမျှော်မှန်း သက်တမ်းမြင့်မားရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဘဝတစ်သက်တာလုံး စောင့်ရှောက်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိရာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး ဖြစ်ပါသည်။

သို့ဖြစ်၍ မိခင်ဝမ်းတွင်း စတင်သန္ဓေတည်မှ အသက်အရွယ်ကြီးသည်အထိ အသက်အရွယ်အလိုက် အာဟာရပြည့်ဝစွာ စားသောက်ရမည့် စားသောက်မှုပုံစံများကို စားသောက်တတ်အောင် မိမိဒေသထွက်ပစ္စည်းများဖြင့် အာဟာရမျှတအောင် စားသောက်တတ်အောင် အာဟာရဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေး လုပ်ငန်းများကို လူမှုကွန်ရက်များ အပါအဝင် နည်းလမ်းပေါင်းစုံ အသုံးပြု၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံး ကျန်းမာရေးအသိပညာမြင့်မားလာပြီး မိမိကျန်းမာရေးကို မိမိကိုယ်တိုင် ဂရုစိုက်သူ၊ မိမိကျန်းမာရေးအတွက် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သူများဖြစ်လာပြီး မိမိဆန္ဒအတိုင်း ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူများကို လိုက်နာကျင့်သုံးလာကာ ကျန်းမာကြွံ့ခိုင်သောသူများ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရည်ညွှန်းကိုးကား-

လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေးအသိပညာများ (ကျန်းမာရေးဝန်ကြီးဌာန ၂၀၂၄)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ်ပပျောက်ရေးကို မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်သွားရန် မှာကြား

ပုသိမ် နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ်ပပျောက်ရေးကို တောင်သူများ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် မြေပြင်အထိ ခရိုင်၊ မြို့နယ်စိုက်တိုးမြင့်အဖွဲ့များအနေဖြင့် ကွင်းဆင်းဆောင်ရွက်သွားရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ကယနေ့နံနက်ပိုင်းတွင် ရေကြည်မြို့နယ် အားကစားခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့များ၊ တောင်သူများနှင့် တွေ့ဆုံစဉ်မှာကြားသည်။



တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြဲခင်းစနစ်ပပျောက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်မှုလယ်ယာစနစ် ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ Drum Seeder ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြုမှုတိုးမြှင့်နိုင်ရေး၊ စိုက်ပျိုးမြေဧရိယာများ မှန်ကန်တိကျစွာ စာရင်းပြုစုနိုင်ရေး၊ အမှန်တကယ်စိုက်ပျိုးသည့် ဧကနှင့် သီးနှံအမျိုးအစားများ ကိုက်ညီမှုရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြု စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့ကို ဆွေးနွေးကြပြီး တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တောင်သူများကို ဓာတ်မြေသြဇာများ ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုနှင့် ခြောက်တန်းသွားကောက်စိုက်စက်၊ Drum Seeder နှင့် လက်ဆွဲကောက်စိုက်စက်များကို ကြည့်ရှုအားပေးသည်။

ထို့အတူ ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိမ်းလဲ့ရေကြည်ခန်းမ၌ ရေကြည်မြို့နယ်အတွင်းမှ ရေဘေးသင့်ခဲ့သောအိမ်ထောင်စုများအား သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ ရောင်းချပေးနေမှုကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ မယင်းကူးကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်လယ်မြေများတွင် နိုင်ငံတော်မှ မျိုး၊ သွင်းအားစု၊ စက်သုံးဆီများ အခမဲ့ထောက်ပံ့ထွန်ယက်ပေးခဲ့ပြီး တစ်ဆက်တစ်စပ်တည်း စပါးစိုက်ဧက ၁၃၅၇ ဧက ပြန်လည်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကညင်သောင်ကျေးရွာအုပ်စု နဂျီကုန်းကျေးရွာ၌ မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများတွင် စပါးပြန်လည်စိုက်ပျိုးသော တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ကာ လေးမျက်နှာမြို့နယ်အတွင်းမှ ရေဘေးသင့်ခဲ့သော အိမ်ထောင်စုများအား စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

(၁၀)တက်လှေပြိုင်ပွဲ၊ (၈)တက်လှေပြိုင်ပွဲ၊ (၁၆)တက် လှေပြိုင်ပွဲ၊ (၂၀)တက် လှေပြိုင်ပွဲများနှင့် အမျိုးသား/ အမျိုးသမီး မီတာ (၂၀၀) (၁၀)တက်လှေပြိုင်ပွဲ၊ (၈) တက်လှေပြိုင်ပွဲ၊ (၁၆)တက် လှေပြိုင်ပွဲ၊ (၂၀)တက် လှေပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား + အမျိုးသမီး မီတာ(၅၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၈)တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၈.၅၃ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၂၉.၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၁ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ (၁၀)တက် လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၅.၄၀ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီး အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၅.၉၄ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၄.၂၇ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီး အသင်းက တတိယ၊ (၂၀)တက်လှေပြိုင်ပွဲတွင် စံချိန် ၁ မိနစ် ၅၃.၁၇ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီး အသင်းက ပထမ၊ စံချိန် ၁ မိနစ် ၅၆.၉၅ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၄ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ တို့ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသား + အမျိုးသမီး မီတာ(၂၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၈)တက်လှေပြိုင်ပွဲတွင် စံချိန် ၅၇.၉၂ စက္ကန့်ဖြင့် ရှမ်းပြည်နယ် အသင်းက ပထမ၊ စံချိန် ၅၉.၂၀ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၉.၅၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယ၊ (၁၆)တက်လှေပြိုင်ပွဲတွင် စံချိန် ၄၈.၁၇ စက္ကန့်ဖြင့် ရှမ်းပြည်နယ် အသင်းက ပထမ၊ စံချိန် ၄၉.၂၁ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီး အသင်းက ဒုတိယ၊ စံချိန် ၄၉.၇၁ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ၊ (၂၀)တက်လှေပြိုင်ပွဲတွင် စံချိန် ၄၄.၈၈ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၄၅.၇၈ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၀.၃၀ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ တို့ကို လည်းကောင်း ရရှိခဲ့သည်။

အမျိုးသား မီတာ(၅၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၁.၃၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီး အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၃.၂၃ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၁၈.၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယ၊ (၁၆)တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၀၃.၉၄ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၀၅.၇၉ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၀၆.၇၉ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယ တို့ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသမီး မီတာ(၅၀၀) ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၅.၄၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၃၂.၀၉ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၆.၇၉ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက တတိယ တို့ကိုလည်းကောင်း ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် နံနက်စနာရီခွဲမှစ၍ ရန်ကုန်မြို့အင်ယားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော်ပြိုင်ပွဲ အမျိုးသား/ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား + အမျိုးသမီး မီတာ (၂၀၀) (၁၀)တက် လှေပြိုင်ပွဲ၊ အမျိုးသား မီတာ(၂၀၀) (၁၀)တက် လှေပြိုင်ပွဲနှင့် အမျိုးသမီး မီတာ (၂၀၀) (၁၀)တက်လှေပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော်ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်းကိုးသင်း၊ အမျိုးသမီးအသင်းခုနစ်သင်း စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း စူပါအယ်လ်နီညိုကာလ၌ မီးလန့်/မီးလောင်မှုများ မဖြစ်ပွားစေရန်အတွက် စက်ရုံ/ အလုပ်ရုံနှင့် သိုလှောင်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို နိုဝင်ဘာ ၁၉ ရက်က ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်သူရကျော် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ ဇော်ဘီ

❑ *ကျောဖုံးမှ*

ပထမဆုံးနိုင်ပွဲ စတင်ရရှိခဲ့သည်။ မနောအက်ဖ်စီ အသင်းအတွက် အနိုင်ဂိုးများကို ၆ မိနစ်နှင့် ၁၀ မိနစ်တွင် မင်းစိုးသန်းက နှစ်ဂိုး သွင်းယူခဲ့ပြီး ၈၈ မိနစ်တွင် Oak Thar က တတိယဂိုးသွင်းယူပေးခဲ့သည်။ Enjoy Brother အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၂၉ မိနစ်တွင် ချစ်ကိုဦးနှင့် ၄၉ မိနစ်တွင် ထက်အာကာတို့က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို မနောအက်ဖ်စီမှ Oak Thar က ရရှိခဲ့သည်။

တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် အဆင့်(၅)နေရာမှ VUE နေပြည်တော်အသင်းက အဆင့်(၂)နေရာမှ တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ VUE နေပြည်တော်အသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးကို ၃၉ မိနစ်နှင့် မိနစ် ၇၀ တို့တွင် ခွန်ရဲဇော်က သွင်းယူပေးခဲ့သည်။ တက္ကသိုလ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၄ မိနစ်တွင် အောင်မြင့်မြတ်က သွင်းယူပေးခဲ့သည်။

အပတ်စဉ်(၆) တတိယနေ့ ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် တက္ကသိုလ်ကွင်း၌ Elite Kings အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MLII**

✪ *ကျောဖုံးမှ*

အဆင့်(၁)နေရာမှ SGF Youth အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-သုံးဂိုးဖြင့် ဂိုးပြတ်အနိုင်ယူကာ ချန်ပီယံဆုနှင့် ပိုမိုနီးစပ်လာခဲ့သည်။ အဆင့်(၂) နေရာမှ Victoria အသင်းသည်လည်း TKA Stars အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် SGF Youth အသင်းအား ရမှတ် ၃ မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။

အခြားပွဲစဉ်များတွင် Pacific Sun Far က Jullniss FC အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ FFU MinMaHaw က MAR Rein ကို လေးဂိုး-နှစ်ဂိုး၊ Mahar Burma က United City ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့ပြီး Avengers Junior နှင့် Bushido အသင်းပွဲစဉ်တွင် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အပတ်စဉ်(၂၁) ပွဲစဉ်များအပြီးတွင် SGF Youth အသင်းက ၅၆ မှတ်၊ Victoria အသင်းက ၅၃ မှတ်၊ Pacific Sun Far အသင်းက ၄၄ မှတ်၊ Mahar Burma က ၄၃ မှတ်၊ FFU MinMaHaw က ၄၁ မှတ်၊ Avengers Junior က ၃၁ မှတ်၊ United City က ၂၈ မှတ်၊ Jullniss FC က ၂၄ မှတ်၊ TKA Stars FC က ၁၉ မှတ်၊ Bushido FC က ၁၄ မှတ်၊ ရွှေပြည်သာယူနိုက်တက်က ၇ မှတ်နှင့် MAR Rein အသင်းက ၅ မှတ် ရရှိထားသည်။

နေမျိုး
ဓာတ်ပုံ-MFF

အားကစားမြှင့်တင် စိတ်လန်းရွင် ဆန့်ကျင်မူးယစ်ဆေး

◆ *ကျောဖုံးမှ*

နိုဝင်ဘာ ၁၈ ရက်တွင် မန်ယူအသင်း နည်းပြဖြစ်လာသည်။

ချယ်ဆီး၊ စပါး၊ ဆောက်သမ်တန်နည်းပြဟောင်း ပိုချက်တီနိုသည် အမေရိကန်က ဟေတီကို နှစ်ဂိုးပြတ် နိုင်ပွဲရရှိပြီးနောက်တွင် ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် မန်ချက်စတာမြို့သို့ တိုက်ရိုက်ထွက်ခွာလာခဲ့ကြောင်း၊ ယင်းနောက် မန်ယူအသင်း၏ ကာရင်တန်လေ့ကျင့်ရေးကွင်းသို့ ဆက်လက်သွားရောက်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်တွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး ရမှတ် ၈ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်အသင်းနည်းပြဖြစ်လာသော ပိုချက်တီနိုသည် အမေရိကန်အသင်းကို ၂၀၂၅ ရွှေဖလားပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိအောင်ကူညီပေးထားနိုင်သည်။ ထို့အပြင် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း အမေရိကန်အသင်းကို ၁၆ သင်းအဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးထားနိုင်သည်။ **အောင်ဇော်**

တပ်မတော်စစ်ကြောင်းများက မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်ဒေသတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုစခန်းများအား ထပ်မံ၍တိုက်ခိုက်သိမ်းပိုက်၊ CRPH ၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် စုစုပေါင်းစခန်း ၂၈ ခု တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၉ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏ နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုခိုအောင်းနေထိုင်ရာ နေရာများအား တပ်မတော် စစ်ကြောင်းများက စနစ်တကျ ချီတက်တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်းဝန်းကျင်တစ်ဝိုက်ရှိ CRPH ၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီအခြေပြုစခန်း ၁၁ ခုကို တိုက်ခိုက်သိမ်းပိုက်ပြီး လက်နက်/ခဲယမ်းအများအပြားကို သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်နိုင်မှုမရှိစေရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ စနစ်တကျဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၉ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ထီးကလာချောင်းအနီး အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီး KNLA တပ်မဟာ(၁)၊ ရင်း(၃) အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၂ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၁၅ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ်ရွာအနီးတွင် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၁ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၁၆ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့ဘက်နှင့်အရှေ့တောင်ဘက်ရှိ နတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့တောင်ဘက် ချောင်းစောက်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခိုအောင်းဆေးကုသနေသည့် နေရာ ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများက အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်အားကိုးဖြင့် အတင်းအဓမ္မ ဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအား လည်းကောင်း အသီးသီး သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဦးတည်ရာမဲ့ ဖရိဖရဲ ဆုတ်ခွာထွက်ပြေးရာ နောက်သို့ အောင်မြေချဲ့ထက်ကြပ် လိုက်လံချေမှုန်း တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၁၉ ရက်၊ ယနေ့တွင် ချောင်းစောက်ရွာ အနီးဝန်းကျင်တစ်ဝိုက်၌ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခုအား ထပ်မံ၍ တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြု စခန်းများအား တိုက်ခိုက် သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ထိတွေ့တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး KNU၊ KNLA အပါအဝင် CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏စခန်း ၁၇ ခု တို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် ၂ ဦးအပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၃၇ လက်၊ ကျည်မျိုးစုံ ၈၃၄၅ တောင့်၊ ကျည်အိမ်မျိုးစုံ ၆၃ ခု၊ ဗုံးသီးမျိုးစုံ ၃၆၃ လုံး၊ မိုင်းမျိုးစုံ ၁၁၃ လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၁၅၈ ခု၊ 4 x 4 မော်တော်ယာဉ် ၂ စီး၊ ဒေသန္တရ လုပ်မော်တော်ယာဉ် ၁ စီး၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ/ဦးထုပ်များ၊ လူနေတဲများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ ကွန်ပျူတာအပါအဝင် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အခြား အသုံးအဆောင်ပစ္စည်းအများအပြား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများ၏ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းဟူသည့် ဆောင်ပုဒ်နှင့် အညီ စွန့်လွှတ်စွန့်စားစွာ ဟန်ချက်ညီညီ ချေမှုန်းတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဖရိဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများက အဆိုပါကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုခိုအောင်းနေထိုင်ရာ နေရာများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နိုဝင်ဘာလ ၃ ရက်မှ ယနေ့ထိ အကြမ်းဖက်သောင်းကျန်းသူများနှင့် စုစုပေါင်း တိုက်ပွဲကြီး/ငယ် ၁၈ ကြိမ် ဖြစ်ပွားခဲ့ပြီး CRPH ၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် KNU ၊ KNLA စခန်း ၂၈ ခုကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် ၂ ဦးအပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၁၃၄ လက်၊ ကျည်မျိုးစုံ ၁၃၇၁၉ တောင့်၊ မိုင်းမျိုးစုံ၊ ဗုံးသီးအမြောက်အမြားနှင့် အခြား ဆက်စပ် ပစ္စည်းပေါင်းများစွာ သိမ်းဆည်းရမိခဲ့သည်။

KNU ၊ KNLA အပါအဝင် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မွန်ပြည်နယ် သိမ်ဇရပ်-ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီးနယ်မြေအစပ်တို့ရှိ သွားလာရေးခက်ခဲသော တောတောင်များအတွင်း ယာယီအခြေပြုခိုအောင်းနေထိုင်၍ တရားဥပဒေမဲ့မသမာသော နည်းလမ်းမျိုးစုံမှ ရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် အသုံးပြုမည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး လက်နက်အားကိုးဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အနိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ရဟန်းသံဃာများ၊ ဒေသခံပြည်သူများနှင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများအား ဒလန်ခေါင်းစဉ်တပ်ကာ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ကုန်တင်ကားများနှင့် ခရီးသွားမော်တော်ယာဉ်များအားဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအား မည်သည့်ဒေသတွင်မျှ အခြေချ ခိုအောင်းနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU ၊ KNLA အပါအဝင် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား ထပ်မံ၍ သိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများကို တွေ့ရစဉ်။

ဖီဖာဥက္ကဋ္ဌ နေရာအတွက် ကိုယ်စားလှယ်လောင်းသုံးဦး ပြိုင်ဆိုင်ရဖွယ်ရှိ

ဈေးရစ် နိုဝင်ဘာ ၁၉

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ဥက္ကဋ္ဌ ရွေးကောက်ပွဲတွင် လက်ရှိ ဥက္ကဋ္ဌ ဂျန်နီ အင်ဖန်တီနိုနေရာကို ယှဉ်ပြိုင်ရန်အတွက် ကိုယ်စားလှယ်လောင်းနှစ်ဦး ထွက်ပေါ်လာပြီဖြစ်သဖြင့် ယခုအခါတွင် FIFA ဥက္ကဋ္ဌနေရာအတွက် သုံးဦးပြိုင်ဆိုင်မှု ဖြစ်လာမည်ဖြစ်သည်။ အမည်စာရင်း တင်သွင်းရန် နောက်ဆုံးရက်တွင် ပြင်သစ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖိလစ်ဒီယာလိုနှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ တာရှီမာကိုဗိုတို့၏အမည်စာရင်းများကို အင်ဖန်တီနိုနှင့်အတူ လက်ခံရရှိခဲ့ကြောင်း FIFA က ထုတ်ပြန်သည်။

အဆိုပါ ကိုယ်စားလှယ်လောင်း သုံးဦး၏ အရည်အချင်းပြည့်မီမှုကို FIFA ရွေးကောက်ပွဲကော်မတီက စိစစ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲဝင်ခွင့် အတည်ပြုခံရသူများ၏ အမည်စာရင်းကို လာမည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်နောက်ဆုံးထား၍ အဖွဲ့ဝင် နိုင်ငံများထံ အသိပေးမည်ဖြစ်သည်။



FIFA ဥက္ကဋ္ဌ ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ် မတ် ၁၈ ရက်တွင် မော်ရိုကိုနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ ၂၁၁ နိုင်ငံက မဲပေးရွေးချယ်ကြမည်ဖြစ်သည်။

အင်နီအိတ်ချ်ကေ

ယခုနှစ်အတွင်း ကမ္ဘောဒီးယားသို့ နိုင်ငံတကာ လေကြောင်းခရီးသည် ၅ သန်း ဝင်ရောက်

ဖနောင်ပင် နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း (၁၀ လအတွင်း) ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာလေကြောင်းခရီးသည် လာရောက်မှုမှာ ၅ သန်းရှိရာ ယမန်နှစ်ကထက် ၁၁ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း နိုင်ငံတော် မြို့ပြလေကြောင်းဆိုင်ရာ အတွင်းဝန်ရုံး (SSCA) က နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ပြေးဆွဲသည့် နိုင်ငံတကာလေကြောင်းခရီးစဉ် အကြိမ်ရေမှာ ၅၁၈၆၅ ကြိမ်ရှိရာ နှစ်ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ဆန့်ကျင်ဘက်အနေဖြင့် အဆိုပါကာလအတွင်း လေကြောင်းကုန်စည်ပို့ဆောင်မှု ပမာဏမှာ တန်ချိန် ၈၅၇၃၀ ရှိရာ ၁၄ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရသည်။

ဆင်ဟွာ

အယ်လ်နီညိုကြောင့် လောင်စာဆီပြတ်လပ်မှုမရှိစေရန် ပီရူးနိုင်ငံ အရေးပေါ်အခြေအနေ ကြေညာ

လီမာ နိုဝင်ဘာ ၁၉

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဟိုက်ဒရိုကာဗွန်ကဏ္ဍတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုကာကွယ်ရေးအတွက် လောင်စာဆီထောက်ပံ့မှုတွင် အမျိုးသား အရေးပေါ်အခြေအနေအဖြစ် ပီရူးနိုင်ငံက နိုဝင်ဘာ ၁၈ ရက်တွင် ကြေညာခဲ့သည်။

ပြင်းထန်သည့် ရာသီဥတုသက်ရောက်မှုများဖြစ်နိုင်ခြေရှိသော်လည်း တစ်နိုင်ငံလုံးအနှံ့ လောင်စာဆီ ထောက်ပံ့မှုတွင် သေချာစေရေး အချိန်ကိုက်အစီအမံများ ချမှတ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်သည် ဟိုက်ဒရိကာဗွန်ဆိုင်ရာ ထောက်ပံ့ဖြန့်ဖြူးရေး ကွင်းဆက်တစ်ခုလုံး အကျုံးဝင်ပြီး ပြုပြင်ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းအထိ အကျုံးဝင်သည်။

နိုင်ငံအတွင်း ဒေသအသီးသီးတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် လောင်စာဆီ ထောက်ပံ့ဖြန့်ဖြူးမှုတွင် အရေးပေါ်သည့် အခြေခံအဆောက်အအုံကဏ္ဍ ထိခိုက်မှုရှိလာနိုင်သဖြင့် ယင်းသို့ပြုလုပ်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ လောင်စာဆီအရည်အများနှင့် ရေနံဓာတ်ငွေ့ အရည်တို့အပါအဝင် ဟိုက်ဒရိကာဗွန်စွမ်းအင်များသည် ပီရူးနိုင်ငံ၏ စုစုပေါင်းစွမ်းအင် သုံးစွဲမှုအချိုးကဏ္ဍတွင် ၆၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနေရသည့် နိုင်ငံများကို နိုင်ငံတကာက ထောက်ပံ့မှုတိုးမြှင့်ရန် ကုလသမဂ္ဂတိုက်တွန်း

ဂျီနီဗာ နိုဝင်ဘာ ၁၉



ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရသည့် ထိခိုက်လွယ်သော နိုင်ငံများအား နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ငွေကြေးထောက်ပံ့မှု ပိုမိုပေးအပ်ရန် ကုလသမဂ္ဂတာဝန်ရှိသူ တစ်ဦးက တိုက်တွန်းလိုက်သည်။

ယင်းတိုက်တွန်းချက်သည် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများကြောင့် အကြီးအကျယ် ပျက်စီးခဲ့သည့် နီပေါနိုင်ငံ ပြန်လည် ထူထောင်ရေးအတွက် အမေရိကန် ဒေါ်လာ ၄ ဒသမ ၇၇ ဘီလီယံ ကုန်ကျမည်ဟု နီပေါ အစိုးရက ထုတ်ပြန်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် ရန်ပုံငွေထူထောင်ရန် နိုင်ငံများ သဘောတူခဲ့ကြသည်။ အဆိုပါရန်ပုံငွေမှ နီပေါနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆ သန်းကို ယာယီခွဲဝေသတ်မှတ်ပေးထားသည်။

အင်နီအိတ်ချ်ကေ

ပါကစ္စတန်နိုင်ငံ၏ နည်းပညာတင်ပို့မှု အောက်တိုဘာလအတွင်း ၁၇ ရာခိုင်နှုန်းကျော်မြင့်တက်

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၉

ပါကစ္စတန်နိုင်ငံ၏ သတင်းအချက်အလက် နည်းပညာဝန်ဆောင်မှု တင်ပို့မှုကဏ္ဍတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၄၅၃ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီးဌာန အကြံပေးဖြစ်သူ ခူရမ် ရှာဇတ်က နိုဝင်ဘာ ၁၈ ရက်တွင် ပြောသည်။

အောက်တိုဘာလ အတွင်း ရရှိခဲ့သည့် ဝင်ငွေသည် စက်တင်ဘာလက ဝင်ငွေနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဇူလိုင်လမှ အောက်တိုဘာလ အတွင်း ပါကစ္စတန်နိုင်ငံ၏ အိုင်တီ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ ဘီလီယံဝန်းကျင် ဝင်ငွေရရှိခဲ့သည်။ ထို့အပြင် ပါကစ္စတန်နိုင်ငံ၏ ပြည်ပသို့ အွန်လိုင်းမှ အလွတ်တန်း ဝန်ဆောင်မှုပေးခြင်း ရရှိသောဝင်ငွေသည်လည်း အောက်တိုဘာလ တွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ ရောက်ရှိခဲ့ပြီး လစဉ် စံချိန်တင် အမြင့်ဆုံးပမာဏဖြစ်ခဲ့ကြောင်းနှင့် ယမန်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၅၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

ဆင်ဟွာ

ဟော်မုဇ်ရေလက်ကြား စွမ်းအင်ပို့ဆောင်မှု ပြတ်တောက်ခြင်းကြောင့် စွမ်းအင်အကျပ်အတည်း ဖြစ်ပေါ်ခဲ့ပုံ IEA ပြောကြား

ပါရီ နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ်အတွင်း ဟော်မုဇ် ရေလက်ကြားမှတစ်ဆင့် စွမ်းအင် သယ်ယူပို့ဆောင်မှုများ ပြတ်တောက်ခဲ့ခြင်းကြောင့် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးစွမ်းအင် ထောက်ပံ့မှု အကျပ်အတည်း ဖြစ်ပေါ်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) က ပြောကြားသည်။

ယင်းအခြေအနေ ကြောင့် နိုင်ငံများသည် စွမ်းအင်ရင်းမြစ်နှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို အမျိုးမျိုး ခွဲဝေ အသုံးပြုလာကြသည်။ ကမ္ဘာ့လူဦးရေ၏ လေးပုံသုံးပုံခန့်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းအသုံးပြုသည့် နိုင်ငံများတွင် နေထိုင်ကြပြီး လူဦးရေ ၄ ဘီလီယံကျော်သည် ဟော်မုဇ် ရေလက်ကြားမှ ရေနံထောက်ပံ့မှု အပေါ် အဓိက မှီခိုနေရသည့် နိုင်ငံများတွင် နေထိုင်ကြောင်း သိရသည်။

စွမ်းအင် အကျပ်အတည်း အပြင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်၊ ဓာတ်မြေဩဇာပြတ်လပ်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် စားနပ်ရိက္ခာဖူလုံရေး အပေါ်ပါ ခြိမ်းခြောက်မှုများ မြင့်တက်လာကြောင်း IEA က သတိပေးသည်။ အကျပ်အတည်းကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံများသည် နေရောင်ခြည်စွမ်းအင်၊ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်နှင့် ဘူမိအပူစွမ်းအင်တို့အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးချဲ့အသုံးပြုလာကြသည်။

ထို့ပြင် ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းအထိ ကမ္ဘာတစ်ဝန်း နျူကလီးယား ဓာတ်အားပေးစက်ရုံသစ်များ၏ စုစုပေါင်း လျှပ်စစ်ထုတ်လုပ်နိုင်စွမ်း ၉၀ ဂစ်ဂါဝပ်နီးပါးကို တည်ဆောက် လျက်ရှိပြီး ယင်းပမာဏသည် ၃၅ နှစ်ကျော်အတွင်း အမြင့်ဆုံးဖြစ်ကြောင်း IEA အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ကုံကုမ် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈ သန်း ဝင်ငွေရရှိ

ကဘူးလ် နိုဝင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ် ပြည်နယ်သည် ကုံကုမ် (saffron) အဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်ပြီး ပထမခုနစ်လ အတွင်း ကုံကုမ် (saffron) ၃၁ တန် ကျော် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄၈ သန်း ဝင်ငွေရရှိခဲ့သည်ဟု ဟီရတ်ပြည်နယ်အစိုးရ ရုံးက နိုဝင်ဘာ ၁၈ ရက်က ထုတ်ပြန်ထားသည်။

လက်ရှိတွင် တန်ဖိုးမြင့်သီးနှံဖြစ်သည့် ကုံကုမ်ကို နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးဧရိယာ ဟက်တာ ၁၄၀၀၀ နီးပါးတွင် စိုက်ပျိုးထားပြီး ယင်းအနက် ဟက်တာ ၁၂၀၀၀ ခန့်မှာ နိုင်ငံအနောက်ပိုင်းရှိ ဟီရတ်ပြည်နယ်တွင် စိုက်ပျိုးထားကြောင်း ပြည်နယ်အစိုးရရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခုနှစ်အတွင်း ကုံကုမ် တန်ချိန် ၅၀ မှ ၇၀ ကြားကို ရိတ်သိမ်းနိုင်မည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။

ပြည်တွင်း ဈေးကွက်တွင် လက်ရှိ ကုံကုမ် တစ်ကီလိုဂရမ် လျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ခန့် ရရှိနေပြီး ဈေးနှုန်းများမှာ လည်း ဆက်လက်မြင့်တက်လျက် ရှိကြောင်း သိရသည်။

ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



မွန်ဂိုလီးယားနိုင်ငံ၏ သီးနှံရိတ်သိမ်းထွက်ရှိမှု ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးသို့ ရောက်ရှိ

မွန်ဂိုလီးယားနိုင်ငံသည် ယခုနှစ်တွင် စိုက်ပျိုးရေး သီးနှံ စုစုပေါင်း တန်ချိန် ၁ ဒသမ ၄ သန်းကျော် ရိတ်သိမ်းနိုင်ခဲ့ပြီး အဆိုပါပမာဏမှာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံး ရိတ်သိမ်းနိုင်မှု စံချိန်ဖြစ်ကြောင်း နိုင်ငံ၏ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် အသေးစားစက်မှုလုပ်ငန်းဝန်ကြီး တစ်ဂါအန်ဇူး အီဒါဘတ်က နိုဝင်ဘာ ၁၈ ရက်က ပြောကြားသည်။

အထူးသဖြင့် မွန်ဂိုလီးယားနိုင်ငံသည် ဆောင်းဦးရာသီတွင် ဂျုံတန်ချိန် ၅၂၀၀၀ နီးပါး ရိတ်သိမ်းနိုင်ခဲ့ပြီး အဆိုပါပမာဏမှာ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း ပြည်တွင်းဂျုံမှုန့်လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

အီဂျစ်နိုင်ငံက မြေထဲပင်လယ်ကမ်းလွန်တွင်းသစ်များမှ သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်

မြေထဲပင်လယ်အနီးတစ်ဝိုက်ရှိ ဝက်စ်မိနာ (West Mina) ကမ်းလွန်သဘာဝဓာတ်ငွေ့မြေ၏ တွင်းသစ် နှစ်တွင်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု စတင် ခဲ့ပြီးနောက် အီဂျစ်နိုင်ငံသည် နေ့စဉ် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှုကို ကုဗပေ သန်း ၁၆၀ နှင့် ဓာတ်ငွေ့ရည်ထုတ်လုပ်မှုကို စည်ပေါင်း ၃၀၀၀ အထိ မြှင့်တင်ခဲ့ကြောင်း ရေနံနှင့် သတ္တုသယံဇာတဝန်ကြီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။

ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ပြည်ပမိတ်ဖက်များအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးနောက် ယခုကဲ့သို့ စတင်ထုတ်လုပ်နိုင်ခြင်းမှာ အီဂျစ်နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဖြစ်ပေါ်လာသည်ကို ထင်ဟပ်စေကြောင်း ရေနံနှင့် သတ္တုသယံဇာတဝန်ကြီး ကာရင်မ် ဘာဒါဝီက ပြောကြားသည်။

ဆင်ဟွာ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးများနေ့သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့သည့် (၃၇) နှစ်မြောက် အထိမ်းအမှတ်နေ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလေးတိုင်း၏ အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် နိုင်ငံတကာ အသိုက်အဝန်းအား ပြန်လည်သတိပေးသည့် နေ့တစ်နေ့လည်း ဖြစ်ပါသည်။

၂။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"My Day, My Rights, My Future"** သည် ကလေးများ၏ နေ့စဉ်ဘဝ၊ ၎င်းတို့ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် အနာဂတ်မျှော်မှန်းချက်များ အကြား ဆက်စပ်မှုကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ကလေးများသည် အနာဂတ်၏ ခေါင်းဆောင်များသာမက ယနေ့လူ့အဖွဲ့အစည်း၏ အရေးပါသူများလည်းဖြစ်ကြသဖြင့် ကလေးများ၏ အသံ၊ အမြင်နှင့်ဆန္ဒများကို နားထောင်ပေးရန်နှင့် ၎င်းတို့၏ ဘဝနှင့် အနာဂတ်ကို သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးရန် အရေးကြီးပါသည်။

၃။ ကမ္ဘာတစ်ဝန်းရှိ ကလေးများစွာသည် ဆင်းရဲနွမ်းပါးမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီမှု၊ အကြမ်းဖက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ လူကုန်ကူးခံရမှု၊ ကလေးအလုပ်သမားခိုင်းစေမှုနှင့် လျစ်လျူရှုခံရမှု စသည့်အခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည့်အပြင် နီဂျစ်တယ်နည်းပညာများကို တလွဲအသုံးချမှုများကြောင့် ကလေးများသည် အွန်လိုင်းမှတစ်ဆင့် အန္တိုင်ကျင့်ခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အဓမ္မတ်ထုတ်ခံရခြင်း စသည့်အန္တရာယ်များနှင့်လည်း ရင်ဆိုင်နေကြရပါသည်။

၄။ သို့ဖြစ်ရာ ကလေးများအပေါ် အခွင့်အရေးချိုးဖောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ထိခိုက်လွယ်သော အခြေအနေတွင် ရှိသည့် ကလေးများ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးရန်နှင့် ထိခိုက်နစ်နာသည့် ကလေးများအတွက် သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုနှင့် ကုစားဖြေရှင်းမှုများ ရရှိစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ကလေးများ၏ အခွင့်အရေးများကို လေးစားကာကွယ် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ကော်မရှင်ဥပဒေနှင့်အညီ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို လေးစားကာကွယ် လိုက်နာစေရေး တိုက်တွန်းအကြံပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကလေးတိုင်း၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် အကောင်းဆုံးအကျိုးစီးပွားကို အလေးထားလျက် လုံခြုံမှုရှိပြီး ခွဲခြားဆက်ဆံမှုကင်းသော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုလျက် ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ ၂၀ ရက်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်ရှိ လမ်းပြကြယ်စင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သင်္ဃကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် စွမ်းပြည့်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (သင်္ကြားဟင်းအိုး) တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှုန်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက် သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ Mobile Training Bus ဖြင့် အလုပ်သမားရေးရာ အသိပညာပေး

ရန်ကုန် နိဝင်ဘာ ၁၉

အလုပ်သမားရေးရာအသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက စက်ရုံများအရောက် Mobile Training Bus ဖြင့် ယမန်နေ့က စက်ရုံ နှစ်ရုံတွင်အသိပညာပေးဆွေးနွေးရာ ခရိုင်ရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများက ၁၉၅၁ ခုနှစ် အလုပ်ရုံဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေး ဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အပူဒဏ်သက်သာသော လုပ်ငန်းခွင်များဖြစ်စေရန် လုပ်ငန်းပိုင်ရှင်နှင့် အလုပ်သမားများ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းချက်များအား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အရှေ့ဒဂုံစက်မှုဇုန်၊ (၁၁၃) ရပ်ကွက်၊ ပန်းတဲဉီးဝန် ဦးရွှေဘင်လမ်း အမှတ် (၁၃၀) ရှိ EVER BRIGHT APPAREL (Myanmar) Co.,Ltd, အထည်ချုပ်စက်ရုံနှင့် အမှတ်(၁၀၉)ရပ်ကွက်၊ သံချပ်ဝန်ဦးမြူလမ်း၊ အမှတ်(၅၅/၁)ရှိ NINGBO HAORONG APPAREL (Yangon) Co.,Ltd, အထည်ချုပ်စက်ရုံတို့တွင် Mobile Training Bus အသုံးပြု၍ စက်ရုံများအရောက် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဖွဲ့မင်းထက်**



(၁၉-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၈၁၇,၀၁၃.၇၀	-	၁၃,၆၆၇,၆၅၀.၁၃	-

ရေသည် အသက်
ရေအသက်တစ်မနက်
မြေအောက်ရေကို ထိန်းသိမ်းပါ

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄၅)

အစားအစာဆိုင်ရာ အင်ဂျင်နီယာပညာ (အပိုင်း-၁)

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)



အစားအစာအင်ဂျင်နီယာပညာ။

ဩစတြေးလျ၊ အမေရိကန်၊ နယ်သာလန် စသည့် ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများ ဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အဓိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် အစားအစာအင်ဂျင်နီယာပညာရပ်အကြောင်း ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။

အစားအသောက် အင်ဂျင်နီယာဘာသာရပ်သည် ဓာတု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် လျှပ်စစ်အင်ဂျင်နီယာပညာ စသည့် အဓိကအင်ဂျင်နီယာအခြေခံသဘောတရားများကို စက်မှုလုပ်ငန်းအဆင့် အစားအသောက်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင် ထိန်းသိမ်းခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် အသုံးချသည့် ဘာသာရပ်ပေါင်းစုံ ပါဝင်သော ပညာရပ်နယ်ပယ်တစ်ခု ဖြစ်ပါသည်။

အစားအစာသိပ္ပံသည် အစားအစာ၏ ဓာတုဗေဒ၊ အဏုဇီဝဗေဒနှင့် အရသာ/ အနံ့ဆိုင်ရာ ဂုဏ်သတ္တိများကို အဓိကလေ့လာသော်လည်း အစားအသောက်အင်ဂျင်နီယာ ဘာသာရပ်မှာမူ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဘေးကင်းပြီး တာရှည်ခံသော အစားအသောက်ထုတ်ကုန်များ အဖြစ် ပြောင်းလဲရန် လိုအပ်သည့် စက်ကိရိယာ ဒီဇိုင်းပုံစံထုတ်ခြင်း၊ သန်ရှင်းပုံစံပြုခြင်း၊ အပူစွမ်းအင်ဗေဒနှင့် ထုတ်လုပ်မှုစနစ်များကို အဓိကထား လေ့လာပါသည်။

၁။ သမိုင်းကြောင်း အစပြုပုံ

အစားအသောက်ထုတ်လုပ်မှုသည် အသေးစားတစ်မျိုးချင်း၊ တစ်သုတ်ချင်း ထုတ်လုပ်သည့် စနစ်မှ စက်မှုလုပ်ငန်းသုံး အဆက်မပြတ် ထုတ်လုပ်သည့်စနစ်သို့ ကူးပြောင်းလာသည်နှင့်အမျှ ၁၉၄၀ နှင့် ၁၉၅၀ ပြည့်လွန်နှစ်များတွင် အစားအစာအင်ဂျင်နီယာဘာသာရပ်သည် စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာနှင့် နို့ထွက်ပစ္စည်းသိပ္ပံတို့မှ ခွဲထွက်၍ သီးခြားပညာရပ်တစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။

(၁-က) အီလီနွိုက်နည်းပညာတက္ကသိုလ်-အိုင်အိုင်တီ (Illinois Institute of Technology – IIT, US)၊ အမေရိကန်နိုင်ငံ (၁၉၄၀ ပြည့်လွန်နှစ်များနောင်းပိုင်း)။ အစားအသောက် အင်ဂျင်နီယာဘာသာရပ်အတွက် အစောဆုံးတက္ကသိုလ်ပညာသင်အစီအစဉ်တစ်ခုကို ချီကာဂိုမြို့ရှိ IIT တွင် ၁၉၄၇-၁၉၄၈ ခုနှစ်ခန့်က စတင်တည်ထောင်ခဲ့ပါသည်။ မစ္စတာ မလ်တန်အီးပါကာ (Milton E. Parker) အစားအသောက်အင်ဂျင်နီယာဌာန ညွှန်ကြားရေးမှူးနှင့် ၁၉၅၂ ခုနှစ်ထုတ် အခြေခံအစားအစာအင်ဂျင်နီယာစာအုပ် (Elements of Food Engineering) ကို ပူးတွဲရေးသားသူက ဦးဆောင်ခဲ့ပြီး ဓာတုနှင့် စက်မှုအင်ဂျင်နီယာ အခြေခံသဘောတရားများကို အစားအသောက်ထုတ်လုပ်မှု သင်ရိုးညွှန်းတမ်းများတွင် တိုက်ရိုက်ပေါင်းစပ် ထည့်သွင်းခဲ့ပါသည်။

(၁-ခ) မက်ဆာချူးဆက်အမ်ဟတ်စ် တက္ကသိုလ် (UMass Amherst) နှင့် မိရှီဂန်ပြည်နယ် တက္ကသိုလ် (Michigan State University, US)၊ အမေရိကန်နိုင်ငံ (၁၉၅၀ ပြည့်လွန်နှစ်များ အစောပိုင်း)။ ဤတက္ကသိုလ်နှစ်ခုစလုံးသည် ၁၉၅၀ ပြည့်လွန်နှစ်များအစောပိုင်းတွင် တရားဝင် တက္ကသိုလ်သင်ရိုးများနှင့် ဘွဲ့ဒီဂရီလမ်းကြောင်းများကို ဦးဆောင် ဖွင့်လှစ်ခဲ့ပါသည်။ မိရှီဂန်ပြည်နယ်တက္ကသိုလ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ မစ္စတာကားလ်ဒဗ္ဗျူဟော (Carl W. Hall)က စိုက်ပျိုးရေးအင်ဂျင်နီယာဌာန အောက်၌ အစားအစာအင်ဂျင်နီယာသီးသန့် ဘာသာရပ်များကို စတင်မိတ်ဆက်ခဲ့ပြီး ထိုတက္ကသိုလ်တွင်မူ ၎င်း၏ ကာလရှည်ကြာတည်ရှိခဲ့သော အစားအသောက်နည်းပညာဌာနကို အင်ဂျင်နီယာအခြေခံသဘောတရားများ ထည့်သွင်းကာ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

(၁-ဂ) ကယ်လီဖိုးနီးယားတက္ကသိုလ်၊ ဒေးဗစ် (University of California–Davis, US)၊ အမေရိကန်နိုင်ငံ (၁၉၅၀ ပြည့်လွန်နှစ်များ)။ အာလယ်ပဲရီ (R. L. Perry) နှင့် အက်အမ်ဟင်ဒါဆင် (S. M. Hen-derson) ၁၉၅၅ ခုနှစ်ထုတ် ဂန္ထဝင်စာအုပ် – စိုက်ပျိုးထွက်ကုန်များ လုပ်ငန်းစဉ်အင်ဂျင်နီယာပညာ (Agricultural Process Engineering) ကို ရေးသားသူများက သင်ကြားခဲ့သော စိုက်ပျိုးရေးထွက်ကုန်ပြုပြင်မွမ်းမံခြင်း ဘာသာရပ်များကို အခြေခံ၍ ဤတက္ကသိုလ်သည် အစားအသောက်သိပ္ပံနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနတို့ကို ပေါင်းကူးပေးသည့် အစားအသောက်အင်ဂျင်နီယာလမ်းကြောင်းများကို တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

(၁-ဃ) ကားလ်စ်ရူးနည်းပညာတက္ကသိုလ် (Karlsruhe Institute of Technology – KIT, Germany)၊ ဂျာမနီနိုင်ငံ (၁၉၅၀ ပြည့်လွန်နှစ်များနောင်းပိုင်း)။ ဥရောပတွင် အစားအစာလုပ်ငန်းစဉ် အင်ဂျင်နီယာဘာသာရပ် (Lebensmittelver-fahrenstechnik) ကို ၁၉၅၀ ပြည့်လွန်နှစ်များနောင်းပိုင်း၌ ကားလ်စ်ရူးနည်းပညာတက္ကသိုလ် (ယခု ကေအိုင်တီ-KIT) တွင် ပညာရပ်နယ်ပယ်တစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ ယင်းကို အဆေးပေးစနစ်အင်ဂျင်နီယာ ရူးခဲ့ဝဲပလန့် (Rudolf Plank) နှင့် နောက်ပိုင်းတွင် မာစဲလ်လိုင်ဆင် (Marcel Loncin) တို့က ဦးဆောင်ခဲ့ပြီး နယ်သာလန်နိုင်ငံရှိ ဗာဂန်နင်ဂန် (WUR–Wageningen University & Research) တက္ကသိုလ်ကလည်း ဆက်တိုက် လိုက်ပါဖွင့်လှစ်ခဲ့ပါသည်။

၂။ သင်ကြားရသည့် အဓိက သင်ရိုးညွှန်းတမ်းနှင့် ဘာသာရပ်များ

အစားအသောက်အင်ဂျင်နီယာ ဘာသာရပ်တက္ကသိုလ်ဘွဲ့ဒီဂရီအစီအစဉ်များသည် အခြေခံအင်ဂျင်နီယာ၊ သိပ္ပံနှင့် ရူပဗေဒတို့ကို အစားအသောက် ဓာတုဗေဒ၊ အဏုဇီဝဗေဒနှင့် အထူးပြုလုပ်ငန်းစဉ်များဖြင့် ပေါင်းစပ်သင်ကြားပေးပါသည်။

၃။ ဘွဲ့ဒီဂရီ ပေးအပ်မှုများ

အစားအသောက် အင်ဂျင်နီယာဘာသာရပ်ကို သီးခြားအင်ဂျင်နီယာဘွဲ့ဒီဂရီအဖြစ်သော်လည်းကောင်း၊ ဓာတုအင်ဂျင်နီယာ၊ ဇီဝ/စိုက်ပျိုးရေးအင်ဂျင်နီယာ သို့မဟုတ် အစားအသောက်သိပ္ပံနှင့် နည်းပညာဌာနများအောက်တွင် အထူးပြုဘာသာရပ်ခွဲအဖြစ်သော်လည်းကောင်း သင်ကြားပေးပါသည်-

❖ **ဘွဲ့ကြိုတန်း (B.Eng. / B.Sc. – ၄ နှစ်)**။ အစားအသောက်ပြုပြင်မွမ်းမံရေး ဓာတ်ခွဲခန်းလက်တွေ့များ၊ စက်မှုလုပ်ငန်းဆိုင်ရာ နောက်ဆုံးနှစ် ဒီဇိုင်းစီမံကိန်း (Capstone design project) များနှင့်အတူ တရားဝင် အင်ဂျင်နီယာအသိအမှတ်ပြုမှု (ဥပမာ-အမေရိကန်တွင် ABET သို့မဟုတ် သြစတြေးလျ အင်ဂျင်နီယာ Engineers Australia) ကို ရရှိစေပါသည်။

စာမျက်နှာ ၁၇ သို့

ပညာရပ်ဆိုင်ရာသဘော	အဓိက ဘာသာရပ်များနှင့် ခေါင်းစဉ်များ
အင်ဂျင်နီယာ အခြေခံသဘောတရားများ (Engineering Fundamentals)	အင်ဂျင်နီယာသင်္ချာနှင့် ခစ်ဖရန်ရှယ်ညီမျှခြင်းများ (Differential Equations) အပူစွမ်းအင်ဗေဒနှင့် ဖြာပ်ရည်မကွင်းနစ် (Thermodynamics & Fluid Mecha-nics) အပူနှင့်ဖြာပ်ထု ကူးပြောင်းခြင်း (Heat and Mass Transfer) လုပ်ငန်းစဉ်ထိန်းချုပ်ခြင်း၊ တိုင်းတာရေးကိရိယာများနှင့် စက်မှုအလိုအလျောက် စနစ်
အစားအသောက်သိပ္ပံ အခြေခံများ (Food Science Foundations)	အစားအစာဓာတုဗေဒနှင့် ဇီဝဓာတုဗေဒ၊ အစားအစာ အဏုဇီဝဗေဒနှင့် အချဉ်ဖောက်ခြင်းနည်းပညာ (Fermentation)၊ အစားအစာ အဆိပ်အတောက်ဗေဒ (Food Toxicology)၊ အရည်အသွေးအာမခံချက်နှင့် အာဟာရဗေဒ
အစားအသောက် အင်ဂျင်နီယာ အဓိက လုပ်ငန်းစဉ်များ (Core Food Engineering Operations)	အခြေခံလုပ်ငန်းစဉ်များ (Unit Operations)။ အပူပေးပြုပြင်ခြင်း (Paste-urization) နှင့် ပိုးသတ်ခြင်း (Sterilization)၊ အခြောက်ခံခြင်း၊ အေးခဲစေခြင်း၊ အငွေ့ပြန်စေခြင်း၊ ပုံသွင်းညှစ်ထုတ်ခြင်း (Extrusion) နှင့် အမြှေးပါးဖြင့် စစ်ထုတ်ခြင်း (Membrane filtration) ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိများနှင့် စီးဆင်းမှုပညာ (Rheology)၊ စေးပျစ်မှု (Viscosity)၊ အသားအရေ/ဖွဲ့စည်းပုံ ဆန်းစစ်ခြင်းနှင့် ပုံမှန်မဟုတ်သော အရည်များ၏ အပူဆိုင်ရာပြုမူပုံများ၊ သန့်ရှင်းဘေးကင်းသော စက်ရုံဒီဇိုင်း၊ သန့်ရှင်းရေးအင်ဂျင်နီယာပညာ၊ စက်ပစ္စည်းမဖြုတ်ဘဲ ဆေးကြောသည့်စနစ် (Clean–in–Place – CIP) နှင့် အရည်ကိုင်တွယ်မှုစနစ်များ
ထုပ်ပိုးမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး (Packaging & Sustainability)	အစားအသောက်ထုပ်ပိုးမှုအင်ဂျင်နီယာပညာ။ လေလုံ/အစို ဓာတ်ထိန်းဂုဏ်သတ္တိများ၊ ဓာတ်ငွေ့ပြုပြင်ထုပ်ပိုးခြင်း (MAP) နှင့် သက်တမ်းကြာရှည်ခံမှုတွက်ချက်ပုံစံထုတ်ခြင်း ခေတ်သစ်နည်းပညာများ: ဖိအားမြင့်ပြုပြင်ခြင်း (HPP)၊ လျှပ်စစ်စက်ကွင်းလှိုင်းဖြင့် ပြုပြင်ခြင်း (PEF) နှင့် လျှပ်စစ်ခုခံအားဖြင့် အပူပေးခြင်း (Ohmic heating) ရေရှည်တည်တံ့သောစနစ်များ။ ရေပြန်လည်အသုံးချခြင်း၊ စွမ်းအင်ခြိုးခြွေတာခြင်းနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်ခြင်း

“အစားအသောက်အင်ဂျင်နီယာဘာသာရပ်သည် ဓာတု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် လျှပ်စစ်အင်ဂျင်နီယာပညာ စသည့် အဓိကအင်ဂျင်နီယာ အခြေခံသဘောတရားများကို စက်မှုလုပ်ငန်းအဆင့် အစားအသောက်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင် ထိန်းသိမ်းခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် အသုံးချသည့် ဘာသာရပ်ပေါင်းစုံ ပါဝင်သော ပညာရပ်နယ်ပယ်တစ်ခုဖြစ်”

ခရမ်းမြို့ အထက (၁) နှင့် (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ခရမ်းမြို့ အထက(၁)၊ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် သကျမာရဇိန်သွန်းဘုရားကြီး သာသနာ့ဗိမာန်တော် မဟာဒုက်ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဦးအောင်လွင် ဖုန်း ၀၉၄၂၀၀၂၃၉၇၃၊ ဦးမြင့်သက်ဦး ဖုန်း ၀၉၄၄၈၀၁၈၉၁၀၊ ဦးဇော်ဝင်း ဖုန်း ၀၉၉၆၆၈၉၃၉၉၉၊ ဦးသက်ထွန်းဦး ဖုန်း ၀၉၄၂၀၀၂၄၀၀၀၊ ဦးစန်းယု ဖုန်း ၀၉၄၅၀၀၄၆၀၇၄၊ မမွန်မွန်လင်း (90) ဖုန်း ၀၉၄၂၀၁၉၂၂၃၅၊ ဦးအောင်လေး (92) ဖုန်း ၀၉၇၈၂၆၁၄၁၆၂၊ ဒေါ်ဇာဇာမင်း (95) ဖုန်း ၀၉၇၉၅၃၆၃၆၃၇၊ ဦးထားဝယ် (96) ဖုန်း ၀၉၇၉၀၁၃၆၃၄၈၊ မဝါဝါလှိုင် (97) ဖုန်း ၀၉၇၅၇၅၄၈၁၁၄၊ ကိုထွန်းထွန်းနိုင်(98) ဖုန်း ၀၉၉၅၀၄၄၅၄၄၅၊ ကိုအောင်ကျော်ဇော(99) ဖုန်း ၀၉ ၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး(2000) ဖုန်း ၀၉ ၇၉၉၃၇၇၃၉၉၊ ကိုဝေဖြိုးကျော် (2002) ဖုန်း ၀၉၉၇၈၈၅၅၁၁၁၊ ကိုမျိုးဇော်လင်း(2003) ဖုန်း ၀၉ ၄၂၈၁၈၄၉၅၃၊ မနန်းအိအိလွင်(2004) ဖုန်း ၀၉ ၇၉၅၄၉၂၉၃၉၊ ကိုအောင်မင်းခိုင်(2005) ဖုန်း ၀၉ ၇၉၉၃၇၇၅၆၀၊ ကိုထက်အောင်ကျော်(2009) ဖုန်း ၀၉၄၂၀၀၂၃၉၄၉၊ မမြတ်မွန်ဆွေ (2010)ဖုန်း ၀၉ ၇၉၆၂၆၉၃၀၆၊ ဦးဇော်လင်း(ရန်ကုန်) ဖုန်း ၀၉၅၅၀၂၀၁၃၊ ဦးသန့်ဇော်မြ(ရန်ကုန်) ဖုန်း ၀၉ ၅၁၉၄၈၂၁၊ ဒေါ်ယဉ်ယဉ်သန်း(ရန်ကုန်) ဖုန်း ၀၉ ၅၁၉၀၈၁၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရိုးကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်မြေသားလမ်းအား အဆင့်မြှင့်တင်

ဓနုဖြူ နိုဝင်ဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ရိုးကြီးကျေးရွာ ကုန်ထုတ်မြေသားလမ်း လမ်းချဲ့ခြင်း၊ မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦနေထက်ရှိန်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများအား ကုမ္ပဏီမှ တာဝန်ရှိသူများက ကုန်ထုတ်မြေသားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဓနုဖြူမြို့နယ် သမဝါယမဦးစီးဌာနမှ အင်္ဂလာ(တောင်) ကျေးရွာတွင် စုပေါင်းလယ်ယာစနစ်ဖြင့် စံပြကွက်ဧက ၁၀၀ ဆောင်ရွက်ထားရှိမှုအား တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့သည်။

တေဇာလင်း



စဉ်ကိုင်မြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များအား UID ကတ်များ ပေးအပ်

စဉ်ကိုင် နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ လမင်းစီမံချက်ဖြင့် နိုဝင်ဘာ ၁၉ ရက်က အမှတ်(၁၄) ရဲတပ်ရင်း၌ တပ်ဖွဲ့ဝင်များအား UIDကတ်များ ပြုလုပ်ပေးရာ စဉ်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝေလင်းတို့က ကြည့်ရှုပြီး အဆိုပါ UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ်ကိုင်)

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၇၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၇၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ မှ

- ❖ **မဟာဘွဲ့ (M.Sc. / M.Eng. – ၁ နှစ်မှ ၂ နှစ်)။** အဆင့်မြှင့်လုပ်ငန်းစဉ်ပုံစံထုတ်ခြင်း၊ အပူမသုံးဘဲ တာရှည်ခံအောင် ထိန်းသိမ်းသည့် နည်းပညာသစ်များနှင့် အစားအစာစက်ရုံစွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို အဓိကထားပါသည်။
- ❖ **ပါရဂူဘွဲ့ (Ph.D. – ၃ နှစ်မှ ၅ နှစ်)။** အစားအစာ ပြုပြင်ရာတွင် ကွန်ပျူတာဖြင့် ဒြပ်ရည်စီးဆင်းမှု တွက်ချက်ခြင်း(CFD)၊ အပင်အခြေခံ အသားတုများ ပုံသွင်းထုတ်လုပ်ခြင်း (Alternative protein extrusion) နှင့် ထုပ်ပိုးမှုတွင် နာနိုနည်းပညာ အသုံးပြုခြင်း စသည့် နယ်ပယ်များကို အဓိကထား သုတေသနပြုရပါသည်။

၄။ အလုပ်အကိုင် လမ်းကြောင်းများ

အစားအစာ အင်ဂျင်နီယာဘွဲ့ရရှိသူများသည် နိုင်ငံတကာအစားအသောက်ထုတ်လုပ်ရေး ကုမ္ပဏီကြီးများ၊ စက်ကိရိယာထုတ်လုပ်ရောင်းချသူများနှင့် အစိုးရကြီးကြပ်ရေး အဖွဲ့အစည်းများတွင် အောက်ပါရာထူးများဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်ပါသည်–

- ❖ ထုတ်လုပ်မှုလုပ်ငန်းစဉ်အင်ဂျင်နီယာ (Process & Manufacturing Engineer)။ နက်စ်တယ် (Nestlé)၊ ယူနီလီဗာ (Unilever)၊ ပက်စီ (Pepsi)၊ ကရပ်ဟိန်းဇ် (Kraft Heinz) နှင့် ဒနုန်း (Danone) ကဲ့သို့သော ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးများအတွက် အကြီးစားထုတ်လုပ်မှုလိုင်းများကို ပုံစံထုတ်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊
- ❖ အစားအသောက် စက်ကိရိယာနှင့် ထုပ်ပိုးမှု ဒီဇိုင်းအင်ဂျင်နီယာ (Food Equipment & Packaging Design Engineer)။ တက်ထရာပက် (Tetra Pak)၊ အယ်လဖါလဗယ် (Alfa Laval) နှင့် ဘူးချလာ (Bühler) ကဲ့သို့သော ကမ္ဘာ့နာမည်ကြီး ကုမ္ပဏီများအတွက် ပြုပြင်မွမ်းမံရေးစက်ပစ္စည်းများ၊ အပူဖလှယ်ကိရိယာများ (Heat exchangers) နှင့် ပိုးမွှားကင်းစင်ထုပ်ပိုးမှုစနစ် (Aseptic packaging) များကို တီထွင်ဖန်တီးခြင်း၊
- ❖ သုတေသနနှင့် ဖွံ့ဖြိုးရေးအင်ဂျင်နီယာ (R & D Engineer)။ အပင်အခြေခံအသားတုများ၊ ကျန်းမာရေးအထောက်အကူပြုအဖျော်ယမကာများနှင့် အာဟာရဓာတ်ထည့်သွင်းထားသော ထုတ်ကုန်သစ်များကို ဓာတ်ခွဲခန်းနမူနာအဆင့်မှ စက်ရုံကြီးများတွင် အမြောက်အမြား ထုတ်လုပ်နိုင်သည် အထိ တိုးချဲ့ဖန်တီးခြင်း၊
- ❖ အစားအသောက်ဘေးကင်းရေးနှင့် အရည်အသွေးစနစ်အထူးကု (Food Safety & Quality Systems Specialist)။ သန့်ရှင်းဘေးကင်းသော စက်ရုံအခင်းအကျင်းများ ပုံစံထုတ်ခြင်းနှင့် HACCP, GMP နှင့် ISO 22000 ကဲ့သို့သော စံချိန်စံညွှန်း လိုက်နာမှုစနစ်များကို စီမံခန့်ခွဲခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။

စာရေးသူ၏ အတွေး

စာရေးသူ၏မိတ်ဆွေ ဒေါက်တာချိုဝင်းမော်သည် ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေး တက္ကသိုလ်မှ အစားအစာအင်ဂျင်နီယာပါရဂူဘွဲ့ရ ရှိခဲ့ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်းတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ယခုတော့ အငြိမ်းစားယူသွားပါပြီ။

အစားအစာနည်းပညာ သင်ကြားရေးကို ရန်ကုန်နည်းပညာတက္ကသိုလ် (ယခင်ရန်ကုန်စက်မှုတက္ကသိုလ်) ၌ ၁၉၇၃ ခုနှစ်တွင် ဒီပလိုမာလက်မှတ်ရနည်းပညာ (Diploma in Food Technology) သင်ကြားခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် အစားအစာနည်းပညာမဟာဘွဲ့သင်တန်း (Master of Food Technology)၊ ၂၀၁၉-၁၉၂၀ ပညာသင်နှစ်မှစတင်၍ အစားအစာအင်ဂျင်နီယာဘွဲ့ (BE Food Engineering) စတင်ခဲ့သည်ဟူ၍ မှတ်တမ်းများတွင် တွေ့ရှိရပါသည်၊

အစားအစာသိပ္ပံနှင့် နည်းပညာများက ရှာဖွေလေ၊ တွေ့ရှိလေဖြင့် လေ့လာစရာ မကုန်နိုင်အောင် ရှိလှပါသည်။ အမေရိကန်နိုင်ငံ တက္ကသိုလ်များတွင် ဤဘာသာရပ်ကို ၁၉၃၈ ခုနှစ်ခန့်မှ စတင်ခဲ့သော်လည်း မြန်မာနိုင်ငံ၌ အစားအစာသိပ္ပံနှင့် နည်းပညာဌာန (Department of Food Science & Technology) ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်ခဲ့ရာ စိုက်ပျိုးရေးသိပ္ပံ (အစားအစာသိပ္ပံအထူးပြု) (B.Agr.Sc. Food Science) ဘွဲ့ရ ၆၂ ဦး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ သုံးဦး၊ မဟာသိပ္ပံ (အစားအစာ)ဘွဲ့ရ (M.Sc. Food Science) ကိုးဦး၊ ပါရဂူ (အစားအစာ) ဘွဲ့ရ (Ph.D. Food Science) နှစ်ဦး မွေးထုတ်ပြီးကြောင်း မှတ်တမ်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေး (ဥပမာ-စပါး၊ ဂျုံ၊ မြေပဲ၊ နှမ်း စိုက်ပျိုးထုတ်လုပ်ခြင်း)၊ မွေးမြူရေး (ဥပမာ-ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ခြင်း) လုပ်ငန်းများက အစားအစာထုတ်လုပ်ပြီး သာမန်အသား၊ ငါးစားသူများ (Non-Vegetarian) အပြင် သက်သတ်လွတ်သမား (Vegetarian) ဆိုလျှင် အသား၊ ငါးရှောင်နိုင်သော်လည်း အသီးအနှံ အပါအဝင် လူတိုင်းနေ့စဉ် အစားအသောက်ကတော့ မစား၍မရပါ။ ထို့ကြောင့် ဤပညာရပ်များ - အစားအစာသိပ္ပံနှင့် အစားအစာအင်ဂျင်နီယာပညာတို့ကို မြန်မာနိုင်ငံတက္ကသိုလ်များ၌ ပိုမိုရှိလေ့လာ၊ သင်ကြား၊ သင်ယူ၊ သုတေသနပြုသင့်ပါကြောင်းနှင့် ခေတ်ရှေ့ပြေးနေသော ကမ္ဘာ့နိုင်ငံများကို မီအောင် အပြေးလိုက်ရပါမည့်အကြောင်း ဆွေးနွေးတင်ပြလိုက်ရပါသည်။ ။

✿ ✿ ✿

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

ဖျာပုံမြို့၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေးရှင်းလင်း

ဖျာပုံ နိဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေးရှင်းလင်းပွဲကို နိဝင်ဘာ ၁၈ ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသူရိန်နှင့် ဦးစီးအရာရှိတို့က မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား တံဆိပ်ခေါင်းခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်း ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာ ရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျ ထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို အသိပညာပေး ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)



၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင် မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးမင်းညွှန့်က တည်ဆဲအခွန်ဆိုင်ရာဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အတိုးတံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကလေးမြို့၌ မိုးစပါး(ဧရာမင်း)စိုက်ခင်း စံကွက်ရိတ်သိမ်း

ကလေး နိဝင်ဘာ ၁၉

ကလေးမြို့၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး(ဧရာမင်း)စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို နိဝင်ဘာ ၁၈ ရက်က နန်းဧလူကျေးရွာ ကွင်းအမှတ် ၇၉၈ ဦးပိုင်အမှတ် ၇၈ တောင်သူ ဦးခင်မောင်၏ မိုးစပါးစိုက်ခင်း၌ ပြုလုပ်ရာ စံကွက်သုံးကွက် ရိတ်သိမ်းခဲ့ပြီး အစိုအထွက် ၈၄ တင်း Y-method အရ တစ်ဧကကောက်ကွက် ၉၀၀၀၀၊ ပင်မွား ၁၀ ပင်၊ တစ်နှံပါအောင်စေ့ ၉၆၊ အောင်စေ့ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်း အစေ့ ၁၀၀၀ အလေးချိန် ၂၄ ဂရမ်ဖြင့် အခြောက်အထွက် တင်းပေါင်း ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်နှင့် ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

ပန်းတောင်း နိဝင်ဘာ ၁၉

ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့စကားဝိုင်းကို နိဝင်ဘာ ၁၈ ရက်က မကြီးထုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ပြောကြားခဲ့ရာ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။

လပြည့်လင်း(ပြန်/ဆက်)



သက်ကြီးရွယ်အို ကာကွယ်ရေး၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် အယ်လ်နီညိုအကြောင်း အသိပညာပေး

ကျောင်းကုန်း နိဝင်ဘာ ၁၉

ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာ Smart Village ၌ သက်ကြီးရွယ်အို ကာကွယ်စောင့်ရှောက်ရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စန်းစန်းမိုးက သက်ကြီးရွယ်အို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ သွေးလွန်တုပ်ကွေးကာကွယ်ရေး ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ဝါဝါမြတ်မွန်က အယ်လ်နီညို ရာသီဥတုအကြောင်း၊ သောက်သုံးရေ အခက်အခဲမရှိစေရေး ကြိုတင်စီစဉ်ထားရန်နှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြသည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အပူဒဏ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကျိုင်းတုံမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

ကျိုင်းတုံ နိဝင်ဘာ ၁၉

ကျိုင်းတုံမြို့၌ လူငယ်စကားဝိုင်းကို နိဝင်ဘာ ၁၇ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်အနုပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ လူငယ်စကားဝိုင်းတက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များလှူဒါန်းပြီး စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင် ပြသခဲ့သည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်၌ နိဝင်ဘာ ၁၈ ရက်တွင် မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြုံတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ အကြံပေးခြင်းနှင့် မီးဘေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ပခုက္ကူမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေး

ပခုက္ကူ နိဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အခွန်ဦးစီးဌာနမှ ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေးခြင်းကို နိဝင်ဘာ ၁၈ ရက်က ကျင်းပရာ ပခုက္ကူမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသန့်ဇင်က မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ ရုံးခွန်အက်ဥပဒေ၊ ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ရာ မြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများက ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ကျောက်တံခါးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် နိဝင်ဘာ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်နိုင်ဟိန်းနှင့် တပ်ဖွဲ့ဝင်များ မြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများနှင့် ရေလောင်းကန်များ စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။

မျိုးမင်း(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မီးလောင်မှုများ မဖြစ်ပွားစေရေး မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသိန်းမင်းထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ နိဝင်ဘာ ၁၈ ရက်က မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းစစ်ဆေးစဉ်။

နေမျိုးလွင်(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး စာဖတ်ရှုနိုင်မြှင့်တင်ရေးဆိုင်ရာ ပြခန်းများ၊ ဥာဏ်စွမ်းရည် ပြိုင်ပွဲများနှင့် ဂိမ်းကစားနည်း ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးက အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးက စာပေဟောပြောမည့် အမျိုးသားစာပေဆုရှင် စာရေးဆရာ ကောင်းသန့်ကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေး အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ယင်းနောက် စာရေးဆရာ ကောင်းသန့်က စာဖတ်ခြင်းဟာ လူတိုင်းနှင့်ဆိုင်သည် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

ရေတာရှည်မြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ရှင်းလင်း

ရေတာရှည် နိုဝင်ဘာ ၁၉

ရေတာရှည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ နိုဝင်ဘာ ၁၈ ရက်က လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်လေးနွယ်ထွန်းက တံဆိပ်ခေါင်းခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်း ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာ ရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျ ထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် ရှင်းလင်းခဲ့သည်။



ထို့နောက် တက်ရောက်လာကြသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများက သိရှိလိုသည်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်

ချောင်းဆုံ နိုဝင်ဘာ ၁၉

ချောင်းဆုံမြို့နယ် ကုလားတို့ကျေးရွာနှင့် မရမ်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရေစင်နှင့်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို နိုဝင်ဘာ ၁၈ ရက်တွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖဖကျေးရွာရှိ အရှည်ပေ ၁၀၈၀ ရှိ ကုန်ထုတ်လမ်း အပိုင်း(၁)နှင့် ကြဲခင်းကျေးရွာရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၁၃၈၅ ပေ ရှာတွင်းလမ်း ကတ္တရာတိုးခြင်း စသည့်လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားခဲ့သည်။

ကိုကျော်(ချောင်းဆုံ)



ဆင်ပေါင်ဝဲမြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၉

ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



ဆင်ပေါင်ဝဲမြို့နယ်အတွင်း ပြည်ထောင်စု (ဒွေလုံးဒွေရင်း) ရန်ပုံငွေဖြင့် ရေကျော်လေးစင်း၊ တိုင်းဒေသကြီး (ဒွေလုံးဒွေရင်း) ရန်ပုံငွေဖြင့် ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း(၀/၃)မိုင်၊ Box Culvert သုံးစင်း၊ Box Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေ့လူး

လဟယ်မြို့၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

လဟယ် နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက လဟယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရှားဆက်က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အကျင့်နှင့် စာရိတ္တ၊ လူငယ်နှင့် အချိန်၏တန်ဖိုး၊ လူငယ်နှင့် စည်းကမ်း၊ လူငယ်နှင့် တာဝန်ခံခင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သုတ/ရသ၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုသည်။

မြို့နယ်(ပြန်/ဆက်)



မအူပင်မြို့ပေါ်ရှိ စားအုန်းဆီဆိုင်များ သတ်မှတ်ရည်ညွှန်းစွေးအတိုင်း ရောင်းချစေရေး၊ ဆီစာအုပ်ဖြင့်သာ ရောင်းချစေရေး မြို့နယ် စားအုန်းဆီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

အောင်ဖြင့်မြတ်(ပြန်/ဆက်)

ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ဆရာအတတ်ပညာဦးစီးဌာန ရန်ကုန်ဇုန်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံကွလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသား၊ အမျိုးသမီး ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲများတွင် ပထမဆု ဒုတိယဆု တတိယဆုရရှိသူများအား လည်ဆွဲဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုဆုကတ်များနှင့် တံဆွန်စိုက်ဆုရရှိသော ဘားအံပညာရေးဒီဂရီကောလိပ်အသင်းအား ဒိုင်းဆုဖလားတို့ကို မြန်မာနိုင်ငံ ပြေး၊ ခုန်၊ ပစ် အဖွဲ့ချုပ်မှ ဦးဌေးဇော်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



မိုင်းဆတ်မြို့၌ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပ

မိုင်းဆတ် နိုဝင်ဘာ ၁၉

မိုင်းဆတ်မြို့၌ ၂၀၂၆ ခုနှစ် မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၈ ရက်က အောင်ဇေယျဘက်စုံအားကစားကွင်း၌ ကျင်းပရာ အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လ(၂)တို့ ယှဉ်ပြိုင်ကစားကြရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများ၊ အသက်(၁၄၊ ၁၈) နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲများတွင် အကောင်းဆုံးဆုရရှိသည့် အားကစားသမားများ၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့်အသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအားကစားပြိုင်ပွဲများကို အခြေခံပညာကျောင်း ၉၆ ကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲများကို နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



ငပုတောမြို့နယ်၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၉ ရက်က ဆုစွာန်စက်သုံးဆီအရောင်းဆိုင်ကို မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

အောင်သူ(ပြန်/ဆက်)



မြူခိုးများကြားမှ အေးချမ်းခြင်းမြို့တော် - ကလော

"ကလောမြို့ရဲ့ ဈေးနေ့မှာကွယ် တောင်တန်းသားတို့ တွေ့မြင်နိုင်တယ်...ပအိုဝ်း၊ ပလောင်၊ ခနု၊ ရှမ်းတို့ စုံလင်လှပေတယ်...တောင်ယာထွက်တဲ့ အသီးအရွက်စုံတယ်... တောင်ပေါ်သားတို့ တကယ်ရိုးသားပေတယ် ..." ဆိုတဲ့ "ကလော ဈေးနေ့" သီချင်းသံစဉ်လေးကို ကြားတိုင်း တောင်ပေါ်မြို့လေး တစ်မြို့ဖြစ်သော ထင်ရူးမြို့တော် ခေါ် ကလောမြို့လေး၏ သဘာဝ အလှအပများကို အတွေးနှင့်ပင် မြင်ယောင်မိကြမည် ဖြစ်ပါသည်။

မိုးသားလေး (ဟိုတယ်/ခရီး)

ကလောမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၃၀၀ ကျော်တွင်တည်ရှိသော အေးမြသောရာသီဥတု၊ စိမ်းလန်းသော ထင်ရှူးတောများ၊ မြူခိုးဝေဝေ တောင်တန်းကြီးများနှင့်အတူ သဘာဝတရား၏ လက်ဆောင်မွန်များကို အပြည့်အဝ ရရှိထားသည့် သာယာလှပသော တောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ကလောမြို့၏ သဘာဝအလှအပနှင့် ဆွဲဆောင်မှုများ

ကလောမြို့သည် သဘာဝတရားကို မြတ်နိုးသူများနှင့် တောင်တက်ခရီး ဝါသနာရှင်များ၊ အနားယူလိုသူများအတွက် အပန်းဖြေစရာ သုခဘုံတစ်ခု ဖြစ်ပြီး ကလောမြို့သို့သွားရာ လမ်းတစ်လျှောက် တွင် အစီအရီပေါက်ရောက်နေသော ထင်ရှူးပင်များနှင့် အေးမြသော တောင်ပေါ်လေနအေးကို တဝကြီး ခံစားနိုင်ပါသည်။

တောင်တက်လမ်းကြောင်းများ

ကလောမြို့မှ အင်းလေးကန်သို့ သွားရောက်သည့် တောင်တက်လမ်းကြောင်းသည် ကမ္ဘာလှည့် ခရီးသွားများအကြား အလွန်ရေပန်းစားပါသည်။ လမ်းတစ်လျှောက်တွင် ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ခနု စသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ကျေးရွာများ၊ စိုက်ခင်းများနှင့် သဘာဝတောင်တန်း အလှအပများကို နီးကပ်စွာ ခံစားကြည့်ရှုနိုင်ပါသည်။ ထို့အပြင် ကိုလိုနီခေတ်က ဆောက်လုပ်ခဲ့သော သမိုင်းဝင် အဆောက်အအုံများနှင့် ဘုရားကျောင်းများသည်လည်း ကလောမြို့၏ ရှေးဟောင်းယဉ်ကျေးမှု ရောယှက်နေသည့် ဆွဲဆောင်မှုတစ်ခုလည်း ဖြစ်ပါသည်။



ကလောမြို့၏ အေးမြသောရာသီဥတုနှင့် ထင်ရှူးတောများကြားတွင် အပန်းဖြေစခန်းအဖြစ် သတ်မှတ်နေထိုင်ခဲ့ကြပါသည်။ ထင်ရှူးပင်များ အုပ်ဆိုင်းနေသည့် မြို့၏ရှုခင်းကြောင့် ထိုစဉ်က တည်းက "**ထင်ရှူးမြို့တော်**" အဖြစ် တင်စား ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ထင်ရှူးပင်များ ဝန်းရံထားသည့် တောင်ကုန်းများ၊ မြူခိုးဝေဝေ ရှုခင်းများနှင့်အတူ ကိုလိုနီခေတ် သစ်သားအိမ်များ၊ ဘုရားကျောင်းများ စုစည်းတည်ရှိ နေမှုကြောင့် ကလောမြို့၏ရှုခင်းမှာ ဥရောပ တောင်ပေါ်မြို့လေးတစ်မြို့သို့ ရောက်ရှိနေသကဲ့သို့ ထူးခြားလှပသော ရူပါရုံကို ပေးစွမ်းပါသည်။

ကလောမြို့၏ထင်ရှားသော ဒေသထွက်ကုန်များ

ကလောမြို့သည် အေးမြသောရာသီဥတုနှင့် ကောင်းမွန်ပါသည်။

တောင်ပေါ်ကော်ဖီ ဒေသထွက် စိုက်ခင်းများမှ ထွက်ရှိသော ကော်ဖီစေ့များနှင့် ကော်ဖီမှုန့်များ၊ ဟင်းခတ်အမွှေးအကြိုင်နှင့် သဘာဝထွက်ကုန်များ ပျားရည်စစ်စစ်တို့သည် တောင်ပေါ်သဘာဝ ပျားအုံများမှ ရရှိသော ပျားရည်စစ်စစ်များဖြစ်ပါသည်။ ကြက်သွန်ဖြူ၊ ချင်းနှင့် တောင်ပေါ်မြို့များသည် အနံ့ခွေးပြီးဆေးဖက်ဝင်သည့် ဒေသထွက်ဟင်းခတ် အမွှေးအကြိုင်များ ဖြစ်ပါသည်။ ရိုးရာလက်ရက် ထည်များနှင့် လက်မှုပစ္စည်းများ တိုင်းရင်းသား ဝတ်စုံနှင့် လွယ်အိတ်များ၊ ပအိုဝ်း၊ ခနု၊ ပလောင်နှင့် တောင်ရိုးတိုင်းရင်းသားများ၏ ရိုးရာဂျိန်းဖော/ ရိုးရာဝတ်စုံများ၊ ရိုးရာလွယ်အိတ်များနှင့် သိုးမွေး ထည်များသည် အေးမြသော ရာသီဥတုအတွက် သိုးမွေးဖြင့် ရက်လုပ်ထားသည့် ခေါင်းစွပ်၊ အနွေး ထည်နှင့် ပဝါများပြုလုပ်ကြပါသည်။

ကလောမြို့၏ယဉ်ကျေးမှုနှင့် ဒေသခံတို့၏လူနေမှုဘဝကို အနီးကပ်ဆုံးလေ့လာနိုင်သည့်နေရာမှာ ငါးရက်တစ်ကြိမ်လည်ပတ်သော "ကလောဈေးနေ့" ပင်ဖြစ်ပြီး ဈေးနေ့၏ထူးခြားချက်များတွင် တိုင်းရင်းသားစုံလင်စွာတွေ့ဆုံရာနေရာဖြစ်သည်။ အနီးအနားရှိ တောင်ပေါ်ရွာများမှ ပအိုဝ်း၊ ခနု၊ ပလောင်၊ တောင်ရိုး စသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများကိုဝတ်ဆင်ကာ မိမိတို့ စိုက်ပျိုးထုတ်လုပ်ထားသော သီးနှံများကို လာရောက်ရောင်းချကြပါသည်။ လတ်ဆတ်သော တောင်ပေါ်ထွက်ကုန်များ၊ သဘာဝအတိုင်းစိုက်ပျိုးထားသည့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ရှမ်းရိုးရာ မုန့်ပဲသရေစာများ၊ ဒေသထွက်လက်ဖက်ခြောက်၊ တောင်ပေါ်ပျားရည်နှင့် ရိုးရာ လက်ရက်ထည်များကို တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူနိုင်ပါသည်။



ရှမ်းပြည်နယ်၏ အလေ့အထအတိုင်း ဈေးနေ့များသည် တစ်နေရာမှတစ်နေရာသို့ ငါးရက်တစ်ကြိမ် စက်ဝိုင်းပုံစံ လှည့်ပတ်ကျင်းပခြင်းဖြစ်ရာ ကလောဈေးနေ့သည်လည်း ဒေသခံများအတွက် ကုန်စည်ကူးသန်းရန်နှင့် လူမှုရေးအရ တွေ့ဆုံကြရန် အလွန် အရေးပါသောနေ့ ဖြစ်ပါသည်။

ကလောဈေးနေ့ ဘာတွေရလဲ

ကလောဈေးနေ့ (ငါးရက်တစ်ကြိမ်ဈေး)ရောက် ပြီဆိုရင် အနီးအနား တောင်ပေါ်ကျေးရွာများမှ တိုင်းရင်းသားများသည် ၎င်းတို့ကိုယ်တိုင် စိုက်ပျိုး ထုတ်လုပ်ထားသည့် ဒေသထွက်ပစ္စည်းများကို လာရောက်ရောင်းချသည့်အတွက် ပစ္စည်းမျိုးစုံ စုံလင်စွာ ရရှိနိုင်ပါသည်။ အဓိက ပစ္စည်းများမှာ လတ်ဆတ်သော တောင်ပေါ်ထွက်သီးနှံနှင့် ဟင်းသီး ဟင်းရွက်များ သစ်သီးဝလံများ၊ ထောပတ်သီး၊ စတော်ဘယ်ရီလိမ္မော်သီး၊ နာနတ်သီး၊ မာလကာသီး စသည့် အအေးပိုင်းဒေသထွက် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ လတ်ဆတ်သည့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ/ဖြူ၊ အာလူး၊ ခရမ်းချဉ်သီး၊ တောင်ပေါ်မြို့ ရာသီပေါ် ဟင်းသီးဟင်းရွက်များ နှင့် ဟင်းခတ်အမွှေးအကြိုင်များအပြင် နံနက်ခင်းစာ အဖြစ် ကြက်သား/ဝက်သားအနှစ်၊ ငရုတ်ဆီ၊ မြေပဲ၊ ထောပတ်တို့ဖြင့် နယ်ထားပြီး အချဉ်ရည်၊ ရှမ်းချဉ် တို့ဖြင့် တွဲဖက်သုံးဆောင်ရသော ရှမ်းခေါက်ဆွဲ၊ တိုဟူးနွေး၊ ဆန်ခေါက်ဆွဲတို့လည်း ရရှိပါသည်။

တိုဟူးကြော်နှင့်အကြော်စုံ

သဘာဝပဲပုပ်မှ ပြုလုပ်ထားသည့် တိုဟူးကို အပြင်ဘက် ကြွပ်ကြွပ်လေးနှင့် အတွင်းဘက် အိအိ လေးဖြစ်အောင် ကြော်ထားပြီး ချိုချဉ်စပ် အချဉ်ရည် ဖြင့် တို့စားရပါသည်။ အာလူးကြော်၊ မတ်ပဲကြော် နှင့် တောင်ပေါ်ဟင်းသီးဟင်းရွက် အကြော်စုံများ အပြင်

စာမျက်နှာ ၂၁ သို့

ထို့အပြင် ကလောမြို့သို့ ရောက်ရှိပါက လေထုထဲတွင် ထင်ရှူးပင်များမှထွက်ရှိသော သဘာဝ ထင်ရှူးနံ့မွှေးမွှေးလေးကို သိသာစွာ ခံစားရရှိနိုင် ပါသည်။ အေးမြလှသော တောင်ပေါ်လေနအေးနှင့် ထင်ရှူးရနံ့တို့ ပေါင်းစပ်ထားသည့် လေထုကြောင့် ခရီးသွားများ၏ စိတ်ကို လန်းဆန်းအနားရစေပါ သည်။

ထင်ရှူးမြို့တော်ဟု တင်စားခဲ့သော သမိုင်းကြောင်း

အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက အင်္ဂလိပ် အရာရှိများသည် ပူပြင်းသော မြေပြန့်ဒေသမှခွာ၍ တောင်ပေါ်မြေဩဇာ ကောင်းမွန်မှုကြောင့် အရည် အသွေးဖြင့်မားသည့် သီးနှံများနှင့် ဒေသထွက် ပစ္စည်းများစွာ ထွက်ရှိပါသည်။ ထောပတ်သီး၊ စတော်ဘယ်ရီသီးတို့ကဲ့သို့သော လတ်ဆတ်သည့် အသီးများအပြင် သဘာဝအတိုင်း ယိုထိုးထားသည့် စတော်ဘယ်ရီယိုများက အမှတ်တရလက်ဆောင် အဖြစ် ဝယ်ယူရန်အလွန်ကောင်းပြီး လူကြိုက်များ ပါသည်။ တောင်ပေါ်သဘာဝအတိုင်း စိုက်ပျိုးထား သော လက်ဖက်ညွှန့်များကို အခြောက်ခံပြုလုပ် ထားသည့် လက်ဖက်ခြောက်အစိမ်း/အမည်းများမှာ ရနံ့မွှေးကြိုင်ပြီး ရေနွေးကြမ်း သောက်သုံးရန် အထူး

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်း လိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၈ လုံး စုစုပေါင်း အဆောက်အအုံ ၁၂ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၁ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို မြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြ မြေပုံ။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “အဂ္ဂမဟာစက္ကဝတ္တိအညာတြရာဇာ” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြစစ်ကိုင်းကျေးရွာနေ သူရိန်ဝင်း(ခ)ရာဇာအား မွန်းလွဲ ၂ နာရီခွဲတွင် ပန်းတောင်းမြို့မရဲစခန်း(ပ)၅၀/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Mya” facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ မြတ်စိုးအား လက်ပံတန်းမြို့မရဲစခန်း (ပ)၁၆၄/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၂၀ မှ

ဝက်သားချဉ်၊ ငါးချဉ်၊ ဝက်အူချောင်းတို့နှင့် ကလောနှင့် ရှမ်းပြည်နယ်ထွက် ဝက်သားချဉ်၊ ငါးချဉ် တို့သည် အချဉ်ဖောက်ထားသည့် အရသာဆန်းပြီး မွေးကြိုင်လှပါသည်။ ကလောဝက်အူချောင်း အသားအဝုံးကြီးကြီး၊ စပ်စပ်လေးနှင့် ဒေသထွက် အမွေးအကြိုင်များပါဝင်ပြီး အကင်(သို့မဟုတ်)အကြော်လုပ်စားရန်အတွက် အလွန်နာမည်ကြီးလုပ်ပါသည်။

ရှမ်းရိုးရာ မုန့်ပဲသရေစာများ

ဆန်မှုန့်နှစ်ကို ဒယ်အိုးပေါ်တွင် ပါးပါးခင်း၊ အတွင်းတွင် ပဲဌာပနာ သို့မဟုတ် ထောပတ်/သကြား တို့ထည့်၍ ခေါက်ထားသော အပူပိုင်းမုန့်တစ်မျိုးဖြစ်သည့် ခေါက်မုန့်(မုန့်သိုင်း၌) ကောက်ညှင်းထုပ်နှင့် မုန့်ဆန်း၊ စိုက်ခင်းမှ လတ်လတ်ဆတ်ဆတ် ရိတ်သိမ်းထားသော ကောက်ညှင်းစပါးဖြင့် ပြုလုပ်ထားသည့် မုန့်ဆန်း၊ ထမင်းပေါင်း သို့မဟုတ် ငှက်ပျောရွက်ဖြင့် ထုပ်ထားသော ကောက်ညှင်းထုပ်များ၊ အာလူးထုပ် (အာလူးကပ်ကြော်) ကလောထွက် အာလူးကောင်းကောင်းကို ပြုတ်၍နယ်ပြီး အမွေးအကြိုင်များထည့်ကာ ကြပ်နေအောင်ကြော်ထားသောမုန့်၊ ကောက်ညှင်းကျူဘားမုန့် / ကောက်ညှင်းကျောက်ကျော၊ ကောက်ညှင်းငချိပ်ဖြင့် ပြုလုပ်ထားသော ရိုးရာမုန့်ချိုများ၊ ရိုးရာအထည်များနှင့် အမှတ်တရလက်ဆောင်များ၊ လက်ရက်ထည်များဖြစ်သည့် ပအိုဝ်း၊ ခရု၊ ပလောင်၊ တောင်ရိုး စသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများ၊ ရိုးရာလွယ်အိတ်များ၊ ပဝါများ၊ ခါးစည်းများ၊ အမှတ်တရပစ္စည်းများ သဘာဝသိုးမွေးဖြင့် ရက်လုပ်ထားသော အနွေးထည်/ ခေါင်းစွပ်များ၊ ဒေသထွက် လက်မှုအနုပညာပစ္စည်းများနှင့် ဝါး/ကြိမ်ဖြင့် ပြုလုပ်ထားသော လှည်းကုန်ပစ္စည်းများရရှိပြီး နံနက်စောစော သွားရောက်ပါက တိုင်းရင်းသားများရိုးရာဝတ်စုံ စုံလင်စွာဖြင့် ပစ္စည်းများ လတ်လတ်ဆတ်ဆတ် လာရောက်ရောင်းချသည်ကိုလည်း တွေ့မြင်ရပါသည်။

လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ကလောမြို့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမှတစ်ဆင့် သွားရောက်ရသော ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည့်အတွက် ကုန်းလမ်းခရီးမှာ အဓိကနှင့် အသုံးအများဆုံးဖြစ်ပြီး ရန်ကုန်မှ ကလောသို့ အဝေးပြေးကားဂိတ်များမှ ကလော/တောင်ကြီးသို့ပြေးဆွဲသော VIP/ ရိုးရိုးအဝေးပြေးကားများဖြင့် သွားရောက်နိုင်ပါသည်။ မန္တလေးမှ ကလောသို့ မန္တလေး-သာစည်-ကလောလမ်းကြောင်းအတိုင်း အဝေးပြေးကားများ၊ ယာဉ်ငယ်များဖြင့် သွားရောက်နိုင်ပါသည်။ ထို့အပြင် နေပြည်တော်မှ ကလောသို့ ပျော်ဘွယ်လမ်းကြောင်းအတိုင်း ကားဖြင့်လည်း သွားရောက်နိုင်ပါသည်။

လေကြောင်းလိုင်းအနေဖြင့် ကလောမြို့တွင် တိုက်ရိုက်လေဆိပ်မရှိသော်လည်း အနီးဆုံးဖြစ်သော ဟဲဟိုးလေဆိပ်သို့ လေယာဉ်ဖြင့် သွားရောက်နိုင်ပါသည်။ ရန်ကုန် သို့မဟုတ် မန္တလေးမှ ဟဲဟိုးသို့လေယာဉ်စီးရပါမည်။ ဟဲဟိုးလေဆိပ်မှ ကလောမြို့သို့ ကီလိုမီတာ ၃၀ (မိုင် ၂၀ ခန့်)သာ ကွာဝေးပြီး လေဆိပ်တက္ကစီ (သို့မဟုတ်) ကားငှား၍ ၄၅ မိနစ်မှ ၁ နာရီအတွင်း ကလောမြို့သို့ အလွယ်တကူ ရောက်ရှိနိုင်သည်။ ရထားလမ်းကြောင်းအနေဖြင့် တောင်ပေါ်သဘာဝရှုခင်းများကို အေးအေး ဆေးဆေး ကြည့်ရှုလိုသူများနှင့် ခရီးသွားများအကြိုက် သွားလာနိုင်သည့် လမ်းကြောင်းဖြစ်ပါသည်။ သာစည်မြို့မှတစ်ဆင့် ကလောသို့ တက်သည့် ရထားလမ်းကြောင်းမှာ တောင်တက်ကွေ့များ၊ တံတားများနှင့် သဘာဝအလှအပများကြောင့် အလွန်ပင် ထင်ရှားလှပါသည်။ ကြာမြင့်ချိန် ပိုမိုကြာမြင့်သော်လည်း (သာစည်မှ ကလောသို့ ၅ - ၆ နာရီခန့်) တောင်ပေါ် ရထားခရီးစဉ်အတွေ့အကြုံကို အပြည့်အဝခံစားရရှိနိုင်ပါကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ကလောမြို့တွင်းနှင့် အနီးပတ်ဝန်းကျင် သွားလာရေး

ကလောမြို့တွင်း သို့မဟုတ် အနီးအနားရှိ တန်ခိုးကြီးဘုရားများ၊ လှပသောကျေးရွာများ၊ စိုက်ခင်းများသို့ သွားရောက်ရန် သုံးဘီးနှင့် တက္ကစီ၊ မြို့တွင်းနှင့် မြို့အနီးရှိဘုရားများသို့ ခြေလျင်/တောင်တက်လမ်းလျှောက်ခြင်းဖြင့်လည်းကောင်း သွားရောက်နိုင်ပြီး ရာသီဥတုအေးမြသည့်အတွက် လည်း မြို့တွင်းနေရာ တော်တော်များများသို့ လမ်းလျှောက်၍ အလွယ်တကူ လှည့်ပတ်သွားလာနိုင်ပါသည်။

တည်းခိုစရာနေရာများ

ကလောမြို့တွင် ခရီးသွားများစိတ်ကြိုက် ရွေးချယ်နိုင်သည့် အပန်းဖြေဟိုတယ်နှင့် တည်းခိုခန်းများစွာ ရှိပါသည်။ စတိုင်နှင့် စိတ်ကြိုက် အပြင် အဆင်အပေါ်မူတည်ပြီး လူကြိုက်များသော တည်းခိုစရာ နေရာအချို့မှာ ကိုလိုနီဟောင်းနှင့် ရှေးဟောင်းစတိုင် ကြိုက်နှစ်သက်သူများအတွက် Kalaw Heritage Hotel ၊ တောင်တန်းအလှအပ ခံစားလိုသူများအတွက် The Hotel-Kalaw Hill Lodge ၊ မြို့ပြနှင့် ခပ်လှမ်းလှမ်းတောင်ကုန်းပေါ်တွင် တည်ရှိသော အေးချမ်းသည့် တောင်ပေါ်အပန်းဖြေရိပ်သာ၊ Pine Hill Resort (ထင်းရှူးတောင်ကုန်း အပန်းဖြေရိပ်သာ) ကလောမြို့တွင်းနှင့် မဝေးသောနေရာတွင် တည်ရှိပြီး ထင်ရှူးတောများကြား အေးချမ်းစွာ အပန်းဖြေနိုင်သော Resort တစ်ခုဖြစ်ပါသည်။

